ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာစေးပွဲ

# ပထမငယ်တန်း

ပုစ္ဆာ + အဖြေစုံ (စနစ်ဟောင်း)

(၁၉၆၈–ခုနှစ် မှ ၁၉၇၇–ခုနှစ်အထိ)

စာပေအမှတ်စဉ် – ၁၉

အစိုးရင်တိုးလောကဘာသိမ်းသ (အင်းစိန်)

သာသနာ– ၂၅၄၂ ဒုတိယအကြိမ် ကောဇာ– ၁၃၆၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

စနစ်သစ်ပထမပြန်

# ပထမငယ်တန်း

## ပုစ္ဆာ + အဖြေစုံ

(၁၉၆၈–ခုနှစ် မှ ၁၉၇၇–ခုနှစ်အထိ)

စာပေအမှတ်စဉ် – ၁၉


အရှင်တိလောကာဘိဝံသ (အင်းစိန်)



သာသနာ– ၂၅၄၂ ဒုတိယအကြိမ် ကောဇာ– ၁၃၆၀

# နိဒါန်းအမှာ

နိုင်ငံတော် သံဃာ့နာယကအဖွဲ့မှ ပထမပြန်စာမေးပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှေးယခင်မူဟောင်းအတိုင်း ၁၃၆၀–ပြည့် (၁၉၉၈) ခုနှစ်၌ ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

ယင်းပြင်ဆင်သတ်မှတ်ချက်အရ စနစ်ဟောင်းနှင့် အဆက်ပြတ်နေသူများ သင်ယူ, ပို့ချရာ၌ အခက်အခဲ တွေ့နေကြပါသည်၊ ရှေးစနစ်ဟောင်း မေးပုံမေးနည်းများ သိလိုကြသဖြင့် စာရေးသူအား ကိုယ်တိုင်သော်လည်းကောင်း, စာဖြင့် ဆက်သွယ်၍သော်လည်းကောင်း အကူအညီ တောင်းကြပါသည်၊ စနစ်ဟောင်း အဖြေစုံစာအုပ်များ ပြန်လည် ရိုက်နှိပ်ရန်လည်း အမျိုးမျိုး တိုက်တွန်းကြပါသည်။

ထိုသို့ တိုက်တွန်းကြသော်လည်း စနစ်ဟောင်း ပုစ္ဆာ + အဖြေစုံ စာအုပ်များ ရှာမရ လောက်အောင် ပြတ်လပ်နေသဖြင့် ခက်ခက်ခဲခဲ ရှာဖွေ၍ ကွန်ပျူတာစာလုံးများဖြင့် ပြန်လည် ရိုက်နှိပ်ရပါသည်၊ သို့သော်လည်း မိမိမှာ အချိန်မရသဖြင့် အမှားအယွင်းကင်းအောင် ပြည့်ပြည့်စုံစုံ မပြင်ဆင်နိုင်ခဲ့သည်ကို ခွင့်လွှတ်စေချင်ပါသည်၊ အချိန်မရသည့်ကြားမှ အတတ်နိုင်ဆုံး ကြိုးစား၍ လိုအပ်သူများ အကျိုးအတွက် ရှေးရှု၍ စာချ, စာသင်များ အလွယ်တကူ နည်းယူလေ့လာနိုင်ရန် စနစ်ဟောင်း ပုစ္ဆာ + အဖြေစုံများကို ပြန်လည် ရိုက်နှိပ် ထုတ်ဝေလိုက်ပါသည်။

**အရှင်တိလောကာဘိဝံသ (အင်းစိန်)**
**ရွာမပရိယတ္တိစာသင်တိုက်**
**အင်းစိန်၊**

အရှင်တိလောကာဘိဝံသ (အင်းစိန်)

# ပထမငယ်တန်းပြဋ္ဌာန်းကျမ်းစာ

## ၁။ ဝိနယ (ဘိက္ခုပါတိမောက်)

(က) ဘိက္ခုပါတိမောက်– ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်၊

(ခ) ကင်္ခါအဋ္ဌကထာ– (အစမှ ပါရာဇိကဒုဒ္ဒေသအဆုံး အထိ) အဓိပ္ပါယ်၊

## လူနှင့် သီလရှင်များအတွက်

(က) ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်၊

(ခ) ဓမ္မပဒအဋ္ဌကထာ (အစမှ ဗာလဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်၊

## ၂။ ကစ္စည်းသဒ္ဒါကြီးဘာသာ

(က) ကစ္စည်းသဒ္ဒါကြီး သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ် ၅–စောင် ပါဠိအနက် ရုပ်၊ အဓိပ္ပါယ်၊

(ခ) ရူပသိဒ္ဓိ (သန္ဓိ၊ နာမ်) ၂–စောင်လာ ရုပ်၊ အဓိပ္ပါယ်နှင့် အာချာတ်ဂိုဏ်း၊

(ဂ) ပုဒ်စစ် (သန္ဓိ၊ နာမ်) နှင့် သုတ်စစ်၊

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂြိုဟ် (စိတ်ပိုင်းမှ သမုစ္စည်းပိုင်းအထိ) ၇–ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်၊

(ခ) ဋီကာကျော် (စိတ်၊ စေတသိက်၊ ပကိဏ်း သုံးပိုင်း) အဓိပ္ပါယ်၊

## ၄။ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာ

(က) တိကမာတိကာ- ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်၊

(ခ) ဒုကမာတိကာ- ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်၊

(ဂ) ဓာတုကထာ (အစမှပဉ္စမနယအဆုံး အထိ)- ပါဠိ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်၊

## ၅။ ဘာသာပြန်

ဇာနိပါတ်ဇာတ် အဋ္ဌကထာ၊

- အာသီသဝဂ်မှ ဝရုဏဝဂ်အဆုံးအထိ ဇာတ်ပေါင်း- ၃၀၊ ဆဋ္ဌမှ စာမျက်နှာ ပေါင်း - ၁၀၂။
- ပါဠိကို မြန်မာပြန်ဆိုခြင်း ၂-ပုဒ်ဆွာ
- မြန်မာကို ပါဠိပြန်ဆိုခြင်း ၂-ပုဒ်ဆွာ
- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်ရေးသားစေခြင်း ၁-ပုဒ်ဆွာ
- ဇာတ်ဝတ္ထုမှ ရယူအပ်သော သခ်ိန်းစာများကို ရေးသားစေခြင်း ၁-ပုဒ်ဆွာ

## ပထမယေ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း


၁။ **ဝိနယ (ဘိက္ခုပါတိမောက်) (မေးခွန်းလွှာ –၁)**

**(က) ဘိက္ခုပါတိမောက်**

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက်ပေး ၁–ပုစ္ဆာ

– ဘိက္ခုပါတိမောက်တိုက်ရိုက်လာအဓိပ္ပါယ် ၃–ပုစ္ဆာ

**(ခ) ကင်္ခါအဋ္ဌကထာ**

– ကျမ်းအစမှ ပါရာဇိကုဒ္ဒေသအဆုံးအထိ အဓိပ္ပါယ် ၁–ပုစ္ဆာ

**လူနှင့် သီလရှင်များအတွက်**

**ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ)**

**(က) ပါဠိတော်** ၁–ပုစ္ဆာ

– ဓမ္မပဒပါဠိတော်အဓိပ္ပါယ် ၂–ပုစ္ဆာ

**(ခ) ဓမ္မပဒအဋ္ဌကထာအဓိပ္ပါယ်** ၂–ပုစ္ဆာ

၂။ **ကစ္စည်းသဒ္ဒါကြီး (မေးခွန်းလွှာ – ၂)**

**(သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ်)**

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက်ပေး ၁–ပုစ္ဆာ

– ရုပ်တွက် ၁–ပုစ္ဆာ

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ် ခွဲခြင်းတို့ ပါဝင်သည်)

ပထမငယ်တန်း ပုစ္ဆာ + အဖြေစုံ

- ကစ္စည်းကျမ်းရင်း အဓိပ္ပါယ် ၁-ပုစ္ဆာ

ရူပသိဒ္ဓိ

- သန္ဓိ၊ နာမ် ၂-စောင်မှ ရုပ်အဓိပ္ပါယ်နှင့် အာချာတ်ဂိုဏ်း ၁-ပုစ္ဆာ
- သန္ဓိ၊ နာမ်၊ ပုဒ်စစ်၊ သုတ်စစ် ၁-ပုစ္ဆာ

အဘိဓမ္မတ္ထသင်္ဂဟ (မေးခွန်းလွှာ – ၃)

(က) စိတ်ပိုင်းမှ သမုစ္စည်းပိုင်းအထိ ၇-ပိုင်း

ပါဠိအာဂုံ ၁-ပုစ္ဆာ

အနက်ပေး ၁-ပုစ္ဆာ

သရုပ် ၁-ပုစ္ဆာ

အဓိပ္ပါယ် ၂-ပုစ္ဆာ

(ခ) ဋီကာကျော်အောက် ၃-ပိုင်း

- အဓိပ္ပါယ် ၁-ပုစ္ဆာ

၄။ တိကမာတိကာ၊ ဒုတမာတိကာနှင့် ဓာတုကထာ (မေးခွန်းလွှာ – ၄)

- တိကမာတိကာ ၂-ပုစ္ဆာ
- ဒုကမာတိကာ ၂-ပုစ္ဆာ
- ဓာတုကထာအစမှ ပဉ္စမနယအဆုံးအထိ ၂-ပုစ္ဆာ

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်၊ ပါဠိ၊ အနက်ကို မေးရာ၌ တစ်ပုစ္ဆာထက် မပိုရ)

၅။ **ဘာသာပြန်၊ ဇာတ်အဋ္ဌကထာ (မေးခွန်းလွှာ –၅)**

**ကေနိပါတ်ဇာတ် အဋ္ဌကထာ အာသီသဝဂ်မှ ဝရုဏဝဂ်အဆုံးအထိ ဇာတ်ပေါင်း– ၃၀၊ ဆဋ္ဌမူ စာမျက်နှာ ပေါင်း – ၁၀၂။**

| | | |
|---|---|---|
| – | ပါဠိကို မြန်မာပြန်ဆိုခြင်း | ၂–ပုဒ်ဆာ |
| – | မြန်မာကို ပါဠိပြန်ဆိုခြင်း | ၂–ပုဒ်ဆာ |
| – | ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်ရေးသားစေခြင်း | ၁–ပုဒ်ဆာ |
| – | ဇာတ်ဝတ္ထုမှ ရယူအပ်သော သင်ခန်းစာများကို ရေးသားစေခြင်း | ၁–ပုဒ်ဆာ |

# ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
## မေးခွန်းလွှာ

၁။ ပါတိမောက္ခုဒ္ဒေသက ရဟန်းက မေးမြန်းစိစစ်ပါလျက် မိမိ၌ထင်ရှားရှိသော အာပတ်ကို မဖော်ပြပါလျှင် အဘယ်အပြစ်ရှိပါသနည်း။

၂။ သိက္ခာသာဇိဝ သမာပန္နော ၌ သိက္ခာသာဇိဝ အရကို ဖော်ပြ၍၊ မကျန်းမာသူတစ်ဦးအား ဝေကစိတ်ထားဖြင့် သင်သေလျှင် နတ်ပြည်ရောက်မည်ဟု တရားဟောခြင်းကြောင့် သေသွားလျှင် အဘယ်အာပတ်သင့်နိုင်ပါသနည်း၊ ပါဠိထောက်၍ ဖြေပါ။

၃။ ဘေဒါနုဝတ္တကရဟန်းတို့ပြောသော စကားစဉ်ကို ပါဠိသက်သက်ရေးပြပါ။

၄။ တန္တဝါယသိက္ခာပုဒ်လာ အောက်ပါ ပါဠိများကို အနက်ယောဇနာပါ။

အာယတဥ္စ ကရောထ ဝိတ္ထတဥ္စ အပ္ပိတဥ္စ သုဝိတဥ္စ သုပ္ပဝါယိတဥ္စ သုဝိလေခိတဥ္စ သုဝိတစ္ဆိတဥ္စ ကရောထ။

၅။ အောက်ပါသတ္တဝါတို့ကို သတ်သော် မည်သည့်အာပတ်များ သင့်ပါသနည်း။

(က) လူ၊ (ခ) နတ်၊ (ဂ) ပြိတ္တာ၊ (ဃ) တိရစ္ဆာန်။

၆။ ညဉ့်အခါ ဦးခေါင်းခြုံ၍ ဘိနပ်စီးပြီးလျှင် မြို့ရွာအတွင်းလှည့်ပတ်လျက် အလှူခံရသော ငွေကို ကိုင်ကာ ကိုယ်တိုင်လက်မှတ်ဝယ်ယူပြီး ဇာတ်သဘင်ကြည့်ရှုသော ရဟန်းအား သင့်သော အာပတ်များကို အသီးအသီး ခွဲဝေပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

### အဖြေလွှာ

၁။ သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ် သင့်ပါသည်။

၂။ **သိက္ခာ**

ပါတိမောက္ခသံဝရ သီလတည်းဟူသော အဓိသီလသိက္ခာသည် သိက္ခာမည်၏။

**သာဇီဝ**

ပညတ်တော်မူအပ်သော သိက္ခာပုဒ်သည် သာဇီဝမည်၏။

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ ကို ထောက်၍ ပါရာဇိကကျပါသည်။

၃။ မာယသ္မန္တော ဇတေ ဘိက္ခုံ ကိဋ္ဌိ အဝစုတ္ထ၊ ဓမ္မဝါဒီ စေသော ဘိက္ခု, ဝိနယဝါဒီ စေသော ဘိက္ခု, အမှာကဉ္စေသော ဘိက္ခု, ဆန္ဒဥ္စ ရုစိဥ္စ အာဒါယ ဝေါဟရတိ ဇာနာတိ နော ဘာသတိ အမှာကမ္ပေတံ ခမတိ။

၄။ အနက်ထင်ရှားပြီ။

၅။ **(က) ပါရာဇိက၊**

**(ခ) (ဂ) ထုလ္လစ္စည်း၊**

**(ဃ) ပါစိတ်။**

၆။ (၁) ညဉ့်အခါ (မပန်ကြားဘဲ) မြို့တွင်း ရွာတွင်း လှည့်ပတ်လျှင် ဝိကာလ ဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(၂) ဦးခေါင်းခြုံ၍ မြို့တွင်း ရွာတွင်း လှည့်ပတ်လျှင် သြဂုဏ္ဌိတသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

(၃) ဘိနပ်စီးပြီး မြို့တွင်း ရွာတွင်း လှည့်ပတ်လျှင် ဒုက္ကဋ်အာပတ်။

(၄) အလှူခံရသော ငွေကိုကိုင်လျှင် ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(၅) ငွေကိုကိုင်ကာ ကိုယ်တိုင်လက်မှတ်ဝယ်လျှင် ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(၆) ဇာတ်သဘင်ကြည့်ရှုသော ရဟန်းအား ဒုက္ကဋ်အာပတ်။

* * * * *

## ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ
## **ဝိနယ ပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ သမ္ပဇာန မုသာဝါဒ ဒုက္ကဋာပတ္တိ ဟောတိ။

ဒုတိယာ။ ပါတိမောက္ခ သံဝရသီလ သင်္ခါတာ အဓိသီလသိက္ခာ သိက္ခာနာမ။ ဘဂဝတာ ပညတ္တံ သိက္ခာပဒံ သာဇီဝံနာမ။

“မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျာ”တိ ပါဠိ သာဓကံ ကတွာ ပါရာဇိကာပတ္တိ ဟောတိ။

စတုတ္ထီ။ အာယတနွ– ဒီဃံ ဝါ။ကရောထ– ကုရုဌေ။ ဝိတ္ထတနွ ပုထုလံ ဝါ။ (ကရောထ)

အပ္ပိတဗ္ဗ– ဃန် ဝါ။ (ကရောထ) သုဝိတဗ္ဗ– သုဋ္ဌုဝိတံ ဝါ။ (ကရောထ) သုပ္ပဝါယိတဗ္ဗ– သုဋ္ဌုပဝါယိတံ ဝါ။ (ကရောထ) သုဝိလေခိတဗ္ဗ–လေခနိယာ သုဋ္ဌု ဝိလေခိတံ ဝါ။ (ကရောထ) သုဝိတစ္ဆိတဗ္ဗ– ကောစ္ဆေန သုဋ္ဌုဝိတစ္ဆိတံ ဝါ။ ကရောထ– ကုရုဧ့ါ။

ပဉ္စမီ။ (က) ပါရာဇိကာပတ္တိ၊

(ခ) (ဂ) ထုလ္လစ္စယာပတ္တိ၊

(ဃ) ပါစိတ္တိယာပတ္တိ၊

ဆဋ္ဌီ။ (၁) ရတ္တိယံ အနာပုစ္ဆိတွာ အန္တရဃရေ စရန္တဿ ဝိကာလဂါမပ္ပဝေသနသိက္ခာ ပဒေန ပါစိတ္တိယာပတ္တိ ဟောတိ။

(၂) ဩဂုဏ္ဌိတဿ အန္တရဃရေ စရန္တဿ ဩဂုဏ္ဌိတသိက္ခာပဒေန ဒုက္ကဋာပတ္တိ ဟောတိ။

(၃) အန္တရဃရေ ဥပါဟနာရုဠှဿ ဒုက္ကဋာပတ္တိ။

(၄) ပဋိဂ္ဂဟိတရဇတံ ဂဏှန္တဿ ရူပိယသိက္ခာပဒေန နိဿဂ္ဂိယံ ပါစိတ္တိယံ။

(၅) ရူပိယံ သာမံ ဂဟေတွာ ဥဿဝလည္ဆနံ ကိဏန္တဿ ရူပိယသံဝေါဟာရ သိက္ခာ ပဒေန နိဿဂ္ဂိယံ ပါစိတ္တိယံ။

(၆) ဥဿဝံ ပဿန္တဿ ဒုက္ကဋာပတ္တိ။

* * * * *

# ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### မေးခွန်းလွှာ

၁။ (က) ပစ္စာဟရတိ (ခ) ဘဇ္ဇော (ဂ) ဆဠဘိညာ တို့ကို ပုဒ်ဖြတ်၍၊ (ဃ) စတ္တာရိဠာနာနိ (င) ဓမ္မံစရေ (စ) ပုထုဇ္ဇနော–တို့ကို ပုဒ်စပ်ပြီးလျှင်၊ အဂ္ဂါဂါရကို သန္ဓိရုပ်အကျဉ်း တွက်ပြပါ။

၂။ ယောသုစ သုတ်၌ စ သဒ္ဒါဆိုရခြင်းအကျိုးကို ဥဒါဟရုဏ်နှင့်တကွ ထုတ်ပြပါ။

၃။ (က) နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ (ခ) အဘ္ဘာ မုတ္တောဝ စန္ဒိမာ (ဂ) ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ ကုလပုတ္တော တို့ကို ကျနစွာ အနက်ယောဇနာပါ။

၄။ (က) ဒိဂုသမာသ် (ခ) ကမ္မဓာရယ်သမာသ် (ဂ) ဗဟုဗ္ဗီဟိသမာသ်နှင့် (ဃ) ဇာတတဒ္ဓိတ် (င) သမူဟတဒ္ဓိတ်တို့၏ ပုံစံတို့ကို အသီးအသီး ထုတ်ပြပါ။

၅။ ဘူဝါဒိဂိုဏ်းဓာတ်, ဒိဝါဒိဂိုဏ်းဓာတ်, သွာဒိဂိုဏ်းဓာတ်, ဂဟာဒိဂိုဏ်းဓာတ်တို့နောင်သက်သော ဝိကရဏပစ္စည်းတို့ကို ပုံစံနှင့်တကွ အသီးအသီးထုတ်ပြပါ။

၆။ လိင်္ဂကနာမ်, နေမိတ္တိကနာမ်နှစ်ပါးတို့၏ အထူးကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### အဖြေလွှာ

၁။ (က) ပတိ + အာဟရတိ၊ (ခ) ဘဝတ္တော၊ (ဂ) ဆအဘိညာ၊ (ဃ) စတ္တာရိ ဈာနာနိ၊ (င) ဓမ္မဒ္ဓရော၊ (စ) ပုထုဇ္ဇနော။

အဂ္ဂိအာဂါရံ တည်၊ က္လဝဏ္ဏော ယံ နဝါ ဖြင့် က္လ–ကို ယ–ပြု၊ ယ အာ သိုက်ပ် (အဂ္ဂ ယာ ဂါရံ) ဂ္ဂ ယာ သိုက်ပ် (အဂ္ဂျာဂါရံ) ဗျဥ္ဇနော စ ဝိသညောဂေါ ဣ စ ဖြင့် သဘောတူ အစဗျည်း တစ်လုံးကိုချေ၊ အဂျာဂါရံ ပြီး၏။

၂။ စ သဒ္ဒါသည် ဂါဝေန, ဂါဝါ, ဂါဝေ, ဂါဝေသု စသော ပြယုဂ်တို့၌ နာ သ္မာ သ္မိံ သု ဝိဘတ်တို့ကြောင့် ဂေါသဒ္ဒါ၏ အစိတ်ဩ ကို အာဝ–ပြုရခြင်း အကျိုးရှိပါသည်။

၃။ အနက်ထင်ရှားပြီ။

၄။ (က) တိလောကံ၊ (ခ) မဟာပုရိသော၊ (ဂ) အာဂတသမဏော၊ (ဃ) ပစ္ဆိမော၊ (င) ဂါမတာ။

၅။ ဘူဝါဒိဂိုဏ်းဓာတ်နောင် အ ပစ္စည်း။ (ဘဝတိ)

ဒိဝါဒိဂိုဏ်းဓာတ်နောင် ယ ပစ္စည်း။ (ဒိဗ္ဗတိ)

သွာဒိဂိုဏ်းဓာတ်နောင် ဏု ဏာ ဥဏာ ပစ္စည်း။ (အဘိသုဏောတိ– အဘိသုဏာတိ– ပါပုဏာတိ)

ဂဟာဒိဂိုဏ်းဓာတ်နောင် ပွ ဏှာ ပစ္စည်း။ (ဃေပွတိ–ဂဏှာတိ)

၆။ ပုဒ်စစ်ထင်ရှားပြီ။

*  *  *  *  *

## ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ
## ကစ္စည်းသဒ္ဒါ ပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ (က) ပတိ + အာဟရတိ၊ (ခ) ဘဝ္တော၊ (ဂ) ဆအာဘိညာ၊ (ဃ) စတ္တာရိ ဌာနာနိ၊ (င) ဓမ္မဥရေ၊ (စ) ပုထုဇ္ဇနော။

### ရူပသိဒ္ဓါကာရော

အဂ္ဂါဂါရန္တိုပဒံ အဂ္ဂိ + အာဂါရန္တိ ပဒစ္ဆေဒံ ကတွာ ဥပိတဗ္ဗံ၊ “လ္လဝဏ္ဏော ယံ နဝါ” တိ သုတ္တေန လ္လကာရဿ ယကာရာဒေသော၊ “ဗျဥ္ဇနော စ ဝိသညောဂေါ” တိ သုတ္တေ စဂ္ဂဟဏေန တိဏ္ဏံ ဗျဥ္ဇနာနံ သရူပအာဒိဗျဥ္ဇနံ လောပံ ကတွာ အဂ္ဂါဂါရန္တိ ရူပံ သိဒ္ဓိတ္တာ။

ဒုတိယာ။ စဂ္ဂဟဏံ ဂါဝေန, ဂါဝါ, ဂါဝေ, ဂါဝေသုတိ ပယောဂေသု နာသ္မာသ္မိံ သု ဝစနေ သု ဂေါသ္မေတဿ ဩကာရဿ အာဝါဒေသတ္တံ။

**တတိယာ။** (က) **ဝိရ– မဟာဝိရ။ ဗုဒ္ဓ– တထာဂတ။ တေ– တဝ။ နမော– နမနံ။ အတ္ထု– ဘဝတု။**

(ခ) အတ္တာ– ဝလာဟကာ။ မုတ္တော– ဝိမုတ္တော။ စန္ဒိမာ ဣလ– စန္ဒော ယထာ။

(ဂ) ကုလပုတ္တော– ကုလာနံ ပုတ္တော ကုလိနော။ ဘဂဝတိ– ဗုဒ္ဓေ။

ဗြဟ္မစရိယံ– သေဋ္ဌစရိယံ။ ဝုဿတိ– စရတိ။

စတုတ္ထီ။ (က) တိလောကံ၊ (ခ) မဟ္ယာပုရိသော၊ (ဂ) အာဂတသမဏော၊ (ဃ) ပဥ္စိမော၊ (င) ဂါမတာ။

ပဥ္စမီ။ ဘူဝါဒိတော အ၊ ယထာ– ဘဝတီတိ၊

ဒိဝါဒိတော ယော၊ ယထာ– ဒိဗ္ဗတီတိ၊

သွာဒိတော ဏု ဏာ ဥဏာ စ၊ ယထာ– အဘိသုဏောတိ၊ အဘိသုဏာတိ၊ ပါပုဏာတီတိ။

ဂဟာဒိတော ပ္ပ ဏှာ၊ ယထာ– ဃေပ္ပတိ၊ ဂဏှာတီတိ။

ဆဋ္ဌီ။ ဗဟိဒ္ဓဘူတံ ဝတ္ထုံ လိင်္ဂံ နာမ၊ တံ ပဋိစ္စ ပဝတ္တံ နာမံ လိင်္ဂိကနာမံ နာမ။ အဇ္ဈတ္တရဘူတံ ဝတ္ထုံ နိမိတ္တံနာမ၊ တံ ပဋိစ္စ ပဝတ္တံ နာမံ နေမိတ္တိကနာမံ နာမ။

အထဝါ– သံဝိဇ္ဇမာနံ ဝတ္ထုံ လိင်္ဂံ နာမ၊ တံ ပဋိစ္စ ပဝတ္တ နာမံ လိင်္ဂိကနာမံ နာမ။ အသံဝိဇ္ဇမာနံ ဝတ္ထုံ နိမိတ္တံနာမ၊ တံ ပဋိစ္စ ပဝတ္တံ နာမံ နေတ္တိကနာမံ နာမ။

* * * * *

## ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### မေးခွန်းလွှာ

၁။ အဘယ့်ကြောင့် ဈာန်ခေါ် ရကြောင်းရေး၍၊ ဈာန်နှင့် ဈာန်အင်္ဂါတို့ကိုလည်း ခွဲခြားဖော်ပြပါ။

၂။ အနိယတယောဂီအဓိပ္ပါယ်ကို ရေး၍၊ နာနာကဒါစိ စေတသိက်တို့ကိုလည်း ထုတ်ပြပါ။

၃။ ဟဒယဝတ္ထုကို ဧကန်မှီသောစိတ် အနေကန်မှီသောစိတ်တို့ကို ရေးပါ။

၄။ အပ္ပနာဇောဝါရ၌ ဝိဘူတာဝိဘူတဘေဒေါနတ္ထိအရ နှစ်မျိုးစလုံးမရှိဟု မှတ်ရမည်လောရေးသားပြေဆို၍၊ တဒါရုံကျနိုင်သော အင်္ဂါတို့ကိုလည်း ဖော်ပြပါ။

၅။ ကမ္မဇရုပ် နောက်ဆုံးချုပ်ပုံပြ ပါဠိကို မှန်ကန်အောင် ရေးပါ။

၆။ သစ္စာလေးပါးပြ ဂါထာကို အနက်မှန်မှန်ပေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### အဖြေလွှာ

၁။ ကသိုဏ်းအစရှိသော အာရုံကို စူးစိုက်သမှု ရှုတတ်သောကြောင့်လည်းကောင်း, ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်မြိုက်တတ်သောကြောင့်လည်းကောင်း ဈာန်ဟု ခေါ်ပါသည်။

**ဈာန်နှင့်ဈာန်အင်္ဂါ**

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ၅-ပါး အပေါင်းသည် ဈာန်မည်၏။

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော အစိတ်အစိတ်သည် ဈာန်အင်္ဂါမည်၏။

၂။ **အနိယတယောဂီ**

တစ်ခါတစ်ရံသာယှဉ်၍ အမြဲယှဉ်လေ့ မရှိသောကြောင့် အနိယတယောဂီမည်၏။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃-ပါး, အပ္ပမညာ ၂-ပါး ပေါင်း ၈-ပါး။

၃။ **ကောန်မှီသောစိတ်**

| | |
|---|---|
| မနောဓာတ် | ၃-ခု၊ |
| သန္တီရဏ | ၃-ခု၊ |
| မဟာဝိပါက် | ၈-ခု၊ |
| ဒေါသမူ | ၂-ခု၊ |
| သောတာပတ္တိမဂ် | ၁-ခု၊ |
| ဟသိတုပ္ပါဒ် | ၁-ခု၊ |

ရူပစိတ် ၁၅–ခု၊
ပေါင်း ၃၃–ခု။

**အနေကန်မှီသောစိတ်**

| | |
|---|---|
| ဒေါသမူကြဉ် အကုသိုလ် | ၁၀–ပါး၊ |
| မနောဒွါရာဝဇ္ဇန်း | ၁–ပါး၊ |
| မဟာကု–ကြိ | ၁၆–ပါး၊ |
| အရူပ ကု–ကြိ | ၈–ပါး၊ |
| သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာ | ၇–ပါး၊ |
| ပေါင်း | ၄၂–ပါး။ |

၄။ **ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ**

အပ္ပနာဇောဝါရ၌ (အာရုံထင်ရှားသော အခါ၌သာ အပ္ပနာဇောများ ဖြစ်သောကြောင့်) ဝိဘူတ တစ်မျိုးသာရှိသည်၊ နှစ်မျိုးစလုံး မရှိဟု မမှတ်ရပါ။

**တဒါရုံအဂ်–** ၁။ ကာမဇော၊
၂။ ကာမအာရုံ၊
၃။ ကာမသတ္တဝါ၊

၅။ ပါဠိထင်ရှားပြီ။

၆။ အနက်ထင်ရှားပြီ။

* * * * *

## ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ
## **သင်္ဂဟာ ပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ ကသိဏာဒိအာရမ္မဏူပနိဇ္ဈာနတော ပစ္စနီကာနိဝရဏဓမ္မာနံ ဈာပနတော စ ဈာနံ နာမ။

(က) ဝိတက္ကာဒိ ပဉ္စကံ ဈာနံ နာမ။

(ခ) ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသင်္ခါတံ ဇကေကံ ဈာနင်္ဂံ နာမ။

ဒုတိယာ။ ကဒါစိယေဝ သမ္ဘဝယုတ္တော ဟုတွာ အနိယတဝသေန ယုဇ္ဇနသီလတာယ အနိယတယောဂီ နာမ။

ဣဿာ မစ္ဆေရ ကုက္ကုစ္စ ဝိရတိ အပ္ပမညာသင်္ခါတာ အဋ္ဌ စေတသိကာ နာနာ ကဒါစိ စေတသိကာ နာမ။

တတိယာ။ မနောဓာတုတ္တိက သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပထမမဂ္ဂ ဟသန ရူပါဝစရဝသေန တေတ္တိံ သစိတ္တာနိ ဟဒယဝတ္ထုံ ကေန္နေဝ နိဿိတာနိ။

ဒသ ဒေါသမူလဝဇ္ဇိတ အကုသလာနိ စေဝ မနောဒွါရာဝဇ္ဇနဉ္စ သောဠသ မဟာကုသလ မဟာကြိယစိတ္တာနိ စ အဋ္ဌ အရူပ ကုသလ ကြိယာနိ စ ပထမ မဂ္ဂဝဇ္ဇိတာနိ သတ္တ လောကုတ္တရာနိ စေတိ ဒွေစတ္တာလီသစိတ္တာနိ အနေကန္တေန ဟဒယဝတ္ထုံ နိဿိတာနိ။

စတုတ္ထီ။ ဝိဘူတမ္ပိ အဝိဘူတမ္ပိ သဗ္ဗံ နတ္ထိတိ န ဒဋ္ဌဗ္ဗံ၊ အထခေါ အာရမ္မဏဿ ဝိဘူတကာလေ ယေဝ အပ္ပနာသမ္ဘဝတော ဇော် ဝိဘူတာရမ္မဏမေဝ အတ္ထီတိ။

ကာမာဝစရဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူ

တေသု တဒါရမ္မဏံ ဣစ္ဆန္တိ။

**ဆဋ္ဌီ။** တေဘူမကံ–တိဘဝေ ပဝတ္တံ။ ဝဋ္ဋံ– ဝဋ္ဋဓမ္မံ။ ဒုက္ခံ– ဒုက္ခသစ္စံ နာမ။ ဘဝေ–ဘဝတိ။ တဏှာ– တဏှာသင်္ခါတော လောဘစေတသိကော။ သမုဒယော–သမုဒယသစ္စံ နာမ။ နိဗ္ဗာနံ– အသင်္ခတဓာတု။ နိရောဓော နာမ–နိရောဓသစ္စံ နာမ။ (ဘဝေ) လောကုတ္တရော လောကုတ္တရ ဘူတော။ မဂ္ဂေါ– အဋ္ဌင်္ဂိက မဂ္ဂေါ–မဂ္ဂသစ္စံ နာမာတိ။ မတော– ဝေဒိတဗ္ဗော။

* * * * *

## ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း ။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ သစ္စာဖွဲ့ရာ၌ "သောတာပတ္တိမဂ် ၈–ပါး, ၇–ပါး"ဟူသော စကား၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ ၃–ပုဒ်လုံး အရကောက်ချင်းတူသော တိက် ၂–ခုတို့၏ အမည်ကိုလည်း ဖော်ပြပါ။

၂။ ၃–ပုဒ်လုံး၌ အရတူကောက်ရသော တိက်၏တိက်မုတ်ကို သစ္စာဖွဲ့၍၊ အတီတာရမ္မဏ တိက် ၃–ပုဒ်လုံး၌ ပါဝင်နိုင်သော စိတ်များကိုလည်း ဖော်ပြပါ။

၃။ အောက်ပါပေယျာလများကို ဖော်ပြ၍၊ ဟေတုဟေတု သမ္ပယုတ္တဒုက်၏ ဒုက်မုတ်ကိုလည်း ထုတ်ပြပါ။

၄။ အောက်ပါ (က) (ခ) တို့၏ အရကို အသီးအသီး ခန်, အာ, ဓာ, သစ်ဖွဲ့ပြ၍၊ "နိယတာ ဓမ္မာ" "သရဏာ ဓမ္မာ" ပုဒ်တို့ကိုလည်း အနက်ပေးပြပါ။

(က) အရက်နှင့်တူသောတရား၊

(ခ) မှားယွင်းစွာသုံးသပ်တတ်သောတရား၊

၅။ အောက်ပါတရားတို့သည် အဘယ်နယ၌ ဟောသောတရားများ ဖြစ်သည်ဟု ခွဲခြားပြဆို၍၊ "ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ"၌ "ယေ ဓမ္မာ"၏အရကိုလည်း တတိယနှင့် ပဥ္စမနယ ၂-မျိုးရအောင် ခွဲခြားကောက်ပြပါ။

(က) ခန်ကွဲ အာ, ဓာတ်တူ၊

(ခ) ခန်တူ အာ, ဓာတ်ကွဲ၊

၆။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်လွင်အောင် အနက်ပေးပြပါ။

ဝိညာဏက္ခန္ဓော တီဟိ ခန္ဓေဟိ သမ္ပယုတ္တော၊ ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တော ကေဟိစိ ဝိပ္ပယုတ္တော။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### အဖြေလွှာ

၁။ **သောတာပတ္တိမဂ် ၈-ပါး, ၇-ပါး**

သောတာပတ္တိမဂ် ပထမစျာန်စိတ်၌ယှဉ်သော စေတသိက်တို့တွင် မဂ္ဂင် ၈-ပါး အပြည့်အစုံ ပါဝင်ခြင်းကြောင့် ပထမစျာန်ကို ရည်ရွယ်၍ သောတာပတ္တိမဂ် ၈-ပါးဟု ဆိုသည်။

ဒုတိယစျာန် စသည်၌ကား ဝိတက်မယှဉ်၍ သမ္မာသင်္ကပ္ပမဂ္ဂင် မရနိုင်၊ ၄င်းဒုတိယစျာန် စသည်ကို ရည်ရွယ်၍ သောတာပတ္တိမဂ် ၇-ပါးဟု ဆိုသည်။

သံကိလိဋ္ဌတိက်နှင့် ဟီနတိက်တို့သည် ၃-ပုဒ်လုံး တူကုန်၏။

၂။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။
(အတီတတိက်၏ တိက်မုက်ကို ရည်ရွယ်သည်။
**သုံးပုဒ်လုံး ပါဝင်သောစိတ်**
မနောဒွါရာဝဇ္ဇန်း ၁–ပါး၊
ကာမဇော ၂၉–ပါး၊
တဒါရုံ ၁၁–ပါး၊
အဘိညာဉ် ၂–ပါး၊
ပေါင်း ၄၃–ပါး။

၃။ ပေယျာလ ထင်ရှားပြီ။

**ဒုက်မုတ်**

အဟိတ်စိတ် အဗျာရသ, ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ, မောဟမူ ဒွေ့ဒွ မောဟ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်။

၄။ (က) လောဘ, ဒိဋ္ဌိ, မောဟဟု ဆိုအပ်သော အာသဝတရားကိုယ် ၃–ပါးဖြစ်၏။
၄င်းသည် သင်္ခါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်, သစ္စာအားဖြင့် ၂–ပါး ဖြစ်ကုန်၏။
နှစ်ပါးဟူသော်ကား– ဒိဋ္ဌိ, မောဟသည် ဒုက္ခသစ္စာမည်၏။
လောဘသည် သမုဒယသစ္စာမည်၏။
ဤသို့လျှင် ၂–ပါး ဖြစ်သတည်း။
(ခ) ဒိဋ္ဌိ ဖြစ်သည်။
၄င်းသည် သင်္ခါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်, ဒုက္ခသစ္စာ။
အနက်ထင်ရှားပြီ။

၅။ (က) တတိယနယ၌ ဟောသောတရား၊
(ခ) ဒုတိယနယ၌ ဟောသောတရား၊

**ယေ ဓမ္မာ**

**တတိယနယ–** သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်၊
**ပဉ္စမနယ–** ဩဠာရိကရုပ် ဒွါဒသ ဝိညာဏက္ခန္ဓာ၊

၆။ ဝိညာဏက္ခန္ဓော– သည်၊ တီဟိ– ကုန်သော၊ ခန္ဓေဟိ– စေတသိက်ခန္ဓာတို့နှင့်၊ သမ္ပယုတ္တော–၏၊ ဧကေန– သော၊ အာယတနေန– ဓမ္မာယတနနှင့်၊ ဧကာယ– သော၊ ဓာတုယာ– ဓမ္မဓာတ်နှင့်၊ ကေဟိ စိ– ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဒွေပဉ္စာသဟု ဆိုအပ်သော အချို့တို့နှင့်၊ သမ္ပယုတ္တော–၏။

ကေဟိ စိ– ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ် သောဠသ, နိဗ္ဗာန်ဟု ဆိုအပ်သော အချို့တို့နှင့်၊ ဝိပ္ပယုတ္တော– မယှဉ်။

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း ။ ။ အဘိဓမ္မာပါတိမောက်ဘာသာ

မေးခွန်းလွှာ

၁။ ပါတိမောက္ခ–ဟူသော ပုဒ်၏အဓိပ္ပါယ်ကို ရေး၍၊ သီလပါတိမောက်, ဂန္ထပါတိမောက် တို့၏ အရကို ကောက်ပြပါ။

၂။ ယော ပန ဘိက္ခုပ္ပဒ၌ ဘိက္ခု ၈–မျိုးကို ထုတ်ပြပြီးလျှင်၊ ယခုခေတ် ရဟန်းတော်များသည် မည်သည့်ဘိက္ခုမျိုး ဖြစ်ပါသနည်း။

၃။ ဘိက္ခုပါတိမောက် သံဃာဒိသေသ် သဥ္စရိတ္တသိက္ခာပုဒ်ကို အနက်ယောဇနာပြပါ။
၄။ နိဿဂ္ဂိပါစိတ်၏ ပမာဏပြ ပါဠိကိုရေးသားပါ။
၅။ သေခိယလာ ဆွမ်းခံယူခြင်းနှင့်ဆိုင်ရာ သိက္ခာပုဒ်မည်မျှရှိသည်ကို သချာမျှ ဖော်ပြပါ။
၆။ ဘိက္ခုပါတိမောက်၌လာသော သိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
အဖြေလွှာ

၁။ **ပါတိမောက္ခအဓိပ္ပါယ်**

မိမိကို စောင့်ရှောက်သူကို အပါယ်အစရှိသော ဘေးဒုက္ခတို့မှလည်းကောင်း, ဘတ္တာနုဝါဒဘေး စသည်တို့မှလည်းကောင်း လွတ်စေတတ်သောကြောင့် ပါတိမောက်မည်၏။

**သီလပါတိမောက်**

ပါတိမောက္ခသံဝရသီလစေတနာသည် သီလပါတိမောက်မည်၏။

**ဂန္ထပါတိမောက်**

သီလပါတိမောက်ကို ထွန်းပြတတ်သော ဘိက္ခု ဘိက္ခုနီသိက္ခာပုဒ်အပေါင်းသည် ဂန္ထပါတိမောက် မည်၏။

၂။ **ဘိက္ခု ၈–မျိုး**

(၁) ဧဟိဘိက္ခုပသမ္ပဒါရဟန်း၊
(၂) သရဏဂမဏူပသမ္ပဒါရဟန်း၊
(၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊
(၄) ပဉှာဗျာကရဏူပသမ္ပဒါရဟန်း၊
(၅) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊
(၆) **အဋ္ဌဝါစိကူပသမ္ပဒါရဟန်း၊**
(၇) ဒူတေနူပသမ္ပဒါရဟန်း၊
(၈) ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း၊

* *ဧဟိ, သရဏ၊ ဩဝါဒ၊ ပဉှ, ဂရုဓမ်။*
*ဒူတေ, အဋ္ဌ၊ ဉတ္တိပြ၊ မှတ်ကြ ဋ္ဌရှစ်တန်။*

ယခုခေတ် ရဟန်းတော်များ ည် ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါဘိက္ခုမျိုး ဖြစ်ပါသည်။

၃။ ၄။ အနက်, ပါဠိထင်ရှားပြီ။

၅။ ခန္ဓကတဝင် အဆုံး ၄–ပုဒ်။

| | | |
|---|---|---|
| ၆။ | ပါရာဇိက | ၄–ပုဒ်၊ |
| | သံဃာဒိသေသ် | ၁၃–ပုဒ်၊ |
| | အနိယတ | ၂–ပုဒ်၊ |
| | နိဿဂ္ဂိပါစိတ် | ၃၀–ပုဒ်၊ |
| | သုဒ္ဓပါစိတ် | ၉၂–ပုဒ်၊ |

အရှင်တိလောကာဘိဝံသ (အင်းစိန်)

| | |
|---|---|
| ပါဠိဒေသနိ | ၄–ပုဒ်၊ |
| သေခိယ | ၇၅–ပုဒ်၊ |
| အဓိကရဏသမထ | ၇–ပုဒ်၊ |
| ပေါင်း | ၂၂၇–ပုဒ်။ |

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ အတိဥတ္တမတ္တာ ပါတိမောက္ခံ နာမ။

အထဝါ– သီလသံဝရံ အတ္တာနံ ရက္ခန္တံ ပုဂ္ဂလံ အပါယာဒီဟိ ဒုက္ခေဟိ အတ္တာနုဝါဒါဒီဟိ ဝါ ဘယေဟိ မောစနတော ပါတိမောက္ခံ နာမ။

ပါတိမောက္ခသံဝရစေတနာ သီလပါတိမောက္ခံ နာမ။

သီလပါတိမောက္ခဿ ဓောတကော ဘိက္ခူ ဘိက္ခုနီ သိက္ခာပဒသမူဟော ဂန္ထပါတိမောက္ခံ နာမ။

ဒုတိယာ။ ဧဟိဘိက္ခူပသမ္ပဒါ, သရဏဂမနူပသမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဉှာဗျာကရဏူပသမ္ပဒါ, အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ, အဋ္ဌဝါစိကူပသမ္ပဒါ, ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ ဘိက္ခူဝသေန အဋ္ဌဝိဓာ ဟောန္တိ။

တတိယာ။ ယော ပန ဘိက္ခု– ယာဒိသော သမဏော။ သဗ္ဗရိတ္တံ– ဣတ္ထိပုရိသာနံ အန္တရေ

သံစရဏဘာဝံ။ သမာပဇ္ဇေယျ– သမ္မာအာပဇ္ဇေယျ။ ဣတ္ထိယာ ဝါ– မာတုဂါမဿ စ။ ပုရိသမတိံ– ပုရိသဿ အဓိပ္ပါယံ။ ဇာယတ္တနေ ဝါ– ဇာယာဘာဝေ စ။ ပုရိသဿဝါ– ပေါသဿ စ ဣတ္ထိမတိံ– ဣတ္ထိယာ အဓိပ္ပါယံ။ ဇာရတ္တနေ ဝါ– ဇာရဘာဝေ စ။ အန္တမသော– သဗ္ဗန္တိမေန ပရိစ္ဆေဒေန။ တင်္ခဏိကာယပိ– တင်္ခဏေ သံဝသိတဗ္ဗာယ ဣတ္ထိယာ စ။ အာရောစေယျ– အာစိက္ခေယျ။ (တဿ ဘိက္ခုနော) သံဃာဒိသေသော သံဃာဒိသေသနာမကော (အာပတ္တိနိကာယော ဟောတိ။)

ပဉ္စမီ။ စတ္တာရိ သိက္ခာပဒါနိ ဟောန္တိ။

ဆဋ္ဌီ။ စတ္တာရိ ပါရာဇိကာနိ စေဝ, တေရသ သံဃာဒိသေသာနိ စ, ဒွေ အနိယတာနိ စ, တိံ သ နိဿဂ္ဂိယာနိ ပါစိတ္တိယာနိ စ, ဒွေ နဝုတိ ပါစိတ္တိကာနိ စ, စတ္တာရိ ပါဋိဒေသနီယာနိ စ, ပဉ္စ သတ္တတိ သေခိယာနိ စ, သတ္တ အဓိကရဏသမထာနိ စာတိ သတ္တဝီသာဓိကာနိ ဒွိသတံ သိက္ခာပဒါနိ ဟောန္တိ။

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### မေးခွန်းလွှာ

၁။ (က) ဣစ္ဆိတံ၊ (ခ) ဂန္ထဗ္ဗော၊ (ဂ) နတ္တွေဝ–တို့ကို ပုဒ်ဖြတ်၍ (ဃ) ပတိအယော၊ (င) အဘိက္ကန္တတရော၊ (စ) တံ နိစ္စုတံ တို့ကို ပုဒ်စပ်ပြီးလျှင် ပစ္စေသဟတိ ကို သန္ဓိရုပ်အကျဉ်း တွက်ပြပါ။

၂။ ဒေါ ဓဿ စ–သုတ်ဖြင့် အဘယ် ဓ–မျိုးကိုသာ ဒ–ပြုရပါသနည်း ဖော်ပြပြီးလျှင် မာတုလာဒီန မာနတ္တ မီကာရေ သုတ်၌ အာနတ္တသဒ္ဒါ၏ အကျိုးကို ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၃။ ဓာတုနာမာန မုပသဂ္ဂယောဂါဒီသွပိ စ သုတ်ကို ပြည့်စုံစွာ အနက်ယောဇနာပါ။

၄။ (က) အဗျယီဘာဝသမာသ်၊ (ခ) တပ္ပုရိသ်သမာသ်နှင့် (ဂ) သံသဋ္ဌတဒ္ဓိတ်၊ (ဃ) အဓိဝေတဒ္ဓိတ်၊ (င) တဒဿ ဌာနတဒ္ဓိတ်တို့၏ ပုံစံများကို တစ်ခုစီ အသီးသီး ထုတ်ပြပါ။

၅။ အစ္ဆတနီဝိဘတ် ၁၂–လုံးတို့ကို ပုရိသ်သုံးမျိုးဖြင့် ခွဲဝေပြီးလျှင် (က) မိတာ၊ (ခ) ခန္တိ တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၆။ ကေကစ္စရုပုဒ်, အနေကကစ္စရုပုဒ်, အနေကပဒပုဒ်တို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဥဒါဟရဏ်နှင့်တကွ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### အဖြေလွှာ

၁။ (က) ကြတိ + တော်၊ (ခ) ဂန္တဗ္ဗော၊ (ဂ) နတု + ဓေ၊
(ဃ) ပစ္စယော၊ (င) အဘိက္ကန္တတရော၊ (စ) တန္နိစ္စုတံ။
ဝိစ္စေဿတိ တည်၊ နိဂ္ဂဟီတဥ္စ ၌ စ–ဖြင့် ဝိ သဒ္ဒါကို ပ–ပြု ပစ္စေဿတိ ပြီး၏။

၂။ ဧက သဒ္ဒါ၏ နောက်၌ရှိသော ကြခသဒ္ဒါ၏ ခ–ကိုသာ ဒ–ပြုရပါသည်။
*သရနှောင်းက၊ ဧကနောက်ရှိ၊ ကြခ၌ပါ၊ ခ–ကိုသာ၊ မှန်စွာ ဒခွေးပြု။*

### အာနန္တသဒ္ဒါအကျိုး

အာနန္တသဒ္ဒါသည် "နဇ္ဇော သန္ဒန္တိ၊ နဇ္ဇာ ကတံ တရင်္ဂ၊ နဇ္ဇာ နေရဥ္စရာယ တီရေ" စသော ပြယုဂ်တို့၌ ယော–နာ သ ဝိဘတ်တို့ကြောင့် နဒီသဒ္ဒါ၏ ဒီ–ကို ဝိဘတ်နှင့်တကွ ဇ္ဇော–ပြု ဇ္ဇာ ပြုခြင်း အကျိုး ရှိပါသည်။

၃။ အနက်ထင်ရှားပြီ။

၄။ (က) ဥပနဂရံ၊ (ခ) အဗြာဟ္မဏော၊ ဘူမိ ဂတော၊
(ဂ) တေလိကံ၊ (ဃ) ဝေနပဒိကော၊ (င) မဒနိယံ။

၅။ ဉ်-ဥံ ပထမပုရိသ်။
ည်-တ္တ မဇ္ဈိမပုရိသ်။
ဉ္တံ-မှာ ဥတ္တမပုရိသ်။
အာ-ဦ ပထမပရိသ်။
သေ-ဝှံ မဇ္ဈိမပုရိသ်။
အံ-မှေ ဥတ္တမပုရိသ်။
(က) ဓာ-ဓာတ်-ရာတု (ကစ္စည်း) ရိတု ပစ္စည်း (ရူ)။
**(ခ) ခမုဓာတ်-တိ ပစ္စည်း။**
၆။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **သဒ္ဒပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ (က) ဉာတိ + ဧတံ၊ (ခ) ဂန္ဓဗ္ဗော၊ (ဂ) နတု + ဧဝ၊ (ဃ) ပစ္စယော၊ (င) အဘိက္ကန္တတရော၊ (စ) တန္နိစ္စုတံ။

ဝိစ္ဆေဒသတိတိ ပဒစ္ဆေဒံ ကတွာ "နိဂ္ဂဟီတန္တာ"တိ သုတ္တေ စဂ္ဂဟဏေန ဝိသဒ္ဒသ ပကာရာဒေသံ ကတွာ ပစ္ဆေဒသတိတိ ရူပံ သိဇ္ဈတိ။

ဒုတိယာ။ ကေသဒ္ဒတော ပရဿ ဣမသဒ္ဒဿ ကောရသောဝါယံ။

အာနုတ္တဂ္ဂဟဏေန နဒိဣစ္စေတဿ ဒီသဒ္ဒဿ ဇ္ဇော ဇ္ဇာ အာဒေသော ဟောန္တိ သဟ ဝိဘတ္တိယာ ယော နာ သ ဣစ္စေတေသု၊ နဇ္ဇော သန္ဒန္တိ၊ နဇ္ဇာ ကတံ တရင်္ဂ၊ နဇ္ဇာ နေရဉ္ဇရာယ တီရေ။

**တတိယာ။** ဓာတုနာမာနံ– ဓာတူနံ စ နာမာနံ စ (ပယောဂေ) ဥပသဂ္ဂ ယောဂါဒီသွပိ စ– ဥပသဂ္ဂါနံ ယောဂါဒီသု အပိ စ (အထဝါ) ဥပသဂ္ဂယောဂေ စ အာဒိသဒ္ဒေန ကာရကဗျွေ စ, အပိသဒ္ဒေန နိပါတယောဂေ စ, စသဒ္ဒေန အညတ္ထ စ (အပါဒါနံ ဟောတိ)

**စတုတ္ထီ။** (က) ဥပနဂရံ၊ (ခ) အဗြာဟ္မဏော၊ ဘူမိံဂတော၊
(ဂ) တေလိကံ၊ (ဃ) ဝေနယိကော၊ (င) မဒနိယံ။

**ပဉ္စမီ။** ပရဿပဒါနံ– ဤ၊ ဥံ–ဣတိ ပထမပုရိသာ၊ ဩ, တ္ထ–ဣတိ မဇ္ဈိမပုရိသာ၊ ဣံ–မှာ ဣတိ ဥတ္တမပုရိသာ။

အတ္တနောပဒါနမ္ပိ– အာ ဦ ဣတိ ပထမပုရိသာ၊ သေ–ဝှံ ဣကိ မဇ္ဈိမပုရိသာ၊ အံ–မှေ ဣတိ ဥတ္တမပုရိသာ။

ဓီတာတိ ပဒေ ဓရဓာတု ရိတုပစ္စယောတိ ဝိဘဇိတဗ္ဗံ၊ ခန္တိတိ ပဒေပိ ခနုဓာတု တိပစ္စယောတိ။

**ဆဋ္ဌီ။** ဧကက္ခရဝန္တံ ပဒံ ဧကက္ခရပဒံနာမ၊ ယထာ– ဂေါဣစ္စာဒိ၊ ဗဟွက္ခရဝန္တံ ပဒံ အနေကက္ခရပဒံနာမ၊ ယထာ– ပုရိသောဣစ္စာဒိ၊ ဗဟုပ္ပဒဝန္တံ ပဒံ အနေကပဒပဒံနာမ၊ ယထာ– ယံကိဉ္စိတျာဒိ။

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

၁။ ဒွေပဉ္စဝိညာဉ်– ၁၀တို့တွင် စက္ခုဝိညာဉ် စသည်တို့၏ ဥပေက္ခာ ဝေဒနာတစ်မျိုးတည်းသာ ဖြစ်ရခြင်းနှင့် ကာယဝိညာဉ်ဒွေး၏ သုခ ဒုက္ခဝေဒနာ နှစ်မျိုးဖြစ်ရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။

၂။ ဣန္ဒြိယဘေဒနည်းအရ သောမနဿသဟဂုတ်စိတ်များကို ရေတွက်ပြီးလျှင်၊ ၎င်းတို့၌ မယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ထုတ်ပြပါ။

၃။ အပ္ပနာဇောဝါရ၌ သောတာပတ္တိမဂ္ဂစိတ်ထိကို တိက္ခ မန္ဒပုဂ္ဂိုလ် ၂–မျိုးအရ ချပြ၍၊ ယထာရဟံ စတုတ္ထံ ပဉ္စမံဝါ၌ ယထာရဟဖြစ်ပုံကို သိသာရုံမျှ ရေးပါ။

၄။ စတုတ္ထဈာန်ကို ပွားသဖြင့် ရောက်နိုင်သော ဘုံများကို ထုတ်ပြပြီးလျှင်၊ ၎င်းစတုတ္ထဈာန် စုတိနှောင် နှောင်းနိုင်သော ပဋိသန္ဓေတို့ကိုလည်း ဖော်ပြပါ။

၅။ ကမ္မ စိတ္တော တုကာဟာရ စသော ၂–ဂါထာကို ပါဠိသက်သက်ရေးပြပါ။

၆။ အာယတန ၁၂–ပါး, ဓာတ် ၁၈–ပါး ပြားရခြင်းအကြောင်းပြဂါထာကို အနက်ကျနစွာပေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### အဖြေလွှာ

၁။ ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းအားနည်းသောကြောင့် စက္ခုဝိညာဉ် စသည်တို့သည် ဥပေက္ခာဝေဒနာတစ်မျိုးသာ ဖြစ်ရပါသည်။

ဝတ္ထာလမ္ဗသဘာဝါန်၊ ဘူတိကာနဃဋ္ဋနံ။

ဒုဗ္ဗလံ ဣတိ စက္ခာဒိ၊ စတုစိတ္တ မုပေက္ခကံ။ (ငို)

(ကာယ) ဝတ္ထု (ဖောဋ္ဌဗ္ဗ) အာရုံတို့၏ ထိခိုက်ခြင်းအားကြီးသောကြောင့် ကာယဝိညာဉ်သည် အနိဋ္ဌာရုံ၌ ဒုက္ခဝေဒနာ, ဣဋ္ဌာရုံ၌ သုခဝေဒနာ ဖြစ်ရသည်။

ဝတ္ထာလမ္ဗဏဃဋ္ဋနာယ ဗလဝဘာဝတော ကာယဝိညာဏံ အနိဋ္ဌေ ဒုက္ခသဟဂတံ၊ ဣဋ္ဌေ သုခသဟဂတံ။ (ငို)

၂။ **သောမနဿသဟဂုတ်စိတ်**

| | |
|---|---|
| လောဘမူသောမနဿ | ၄–ပါး၊ |
| အဟိတ် သောမနဿ | ၂–ပါး၊ |
| ကာမာဝစရ သောမနဿ | ၁၂–ပါး၊ |
| ပထမစျာန် | ၁၁–ပါး၊ |
| ဒုတိယစျာန် | ၁၁–ပါး၊ |
| တတိယစျာန် | ၁၁–ပါး၊ |
| စတုတ္ထစျာန် | ၁၁–ပါး၊ |
| ပေါင်း | ၆၂–ပါး။ |

**မယှဉ်သောစေတသိက်–** ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။

၃။ **သောတာပတ္တိမဂ္ဂဝီထိ**

(၁) မန္ဒပုဂ္ဂိုလ်– န–ဒ–မ–ပ–ဥ–နု–ဂေါ–သောမဂ်–သောဖိုလ်–သောဖိုလ်–ဘွင်။

(၂) တိက္ခပုဂ္ဂိုလ်– န–ဒ–မ–[illegible]–ဥ–နု–ဂေါ–မဂ်–ဖ–ဖ–ဖ–ဘ။

**စတုတ္ထံ ပဉ္စမံ ဝါ**

တိက္ခပုဂ္ဂိုလ်၌– ဥပစာ, အနုလုံ, ဂေါတြဘူနောင် ၄–ကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်သည်။

မန္ဒပုဂ္ဂိုလ်၌– ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူနောင် ၅–ကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်သည်။

၄။ စတုတ္ထစျာန်ကို ပွားသဖြင့် ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာဟူသော တတိယစျာန် ၃–ဘုံသို့ ရောက်နိုင်သည်။

စတုတ္ထစျာန် စုတိနောင် သဟိတ်ပဋိသန္ဓေ သတ္တရသ နှောင်းနိုင်ပါသည်။

**မှတ်ချက်။** ။ ပ–ဒု–တစျာန်ကြဉ် သဟိတ်ပဋိသန္ဓေ ၁၄–ပါးဟုလည်း ဆိုကြသေး၏။

၅။ ပါဠိထင်ရှားပြီ။

၆။ အနက်ထင်ရှားပြီ။

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **သင်္ဂဟ ပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ ဝတ္ထာရမ္မဏဃဋ္ဋနာယ ဒုဗ္ဗလဘာဝတော စက္ခုဂိညာဏာဒီနိ ဥပေက္ခာသဟဂတာနေဝ ဟောန္တိ။

ဝတ္ထာရမ္မဏဃဋ္ဋနာယ ဒုဗ္ဗလဘာဝတော ကာယဝိညာဏံ အနိဋ္ဌေ ဒုက္ခသဟဂတံ ဣဋ္ဌေ သုခသဟဂတံ။

ဒုတိယာ။ သောမနဿသဟဂတစိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ ဒွါဒသ ကာမာဝစရ သောဘနာနိ သုခသန္တီရဏ ဟသနာနိ စ ဒွေတိ အဋ္ဌာရသ ကာမာဝစရ သောမနဿသဟဂတစိတ္တာနိ စေဝ ပဌမာ ဒုတိယ တတိယ စတုတ္ထဇ္ဈာန သင်္ခါတာနိ စတုစတ္တာလီသ မဟဂ္ဂတ လောကုတ္တရစိတ္တနိစေတိ ဒွါသဋ္ဌိဝိဓာနိ ဘဝန္တိ။

ဝေဒနာ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာဝသေန ဆယ်မေ စေတသိကာ သောမနဿသဟဂတစိတ္တုပ္ပါဒေသု န သမ္ပယုဇ္ဇန္တိ။

တတိယာ။ တိက္ခပညပုဂ္ဂလဿ သန္တာနေ–

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇနာနောပစာရာနုလောမ ဂေါတြဘူစိတ္တာနိ စေဝ ဧကဝါရံ သောတာပတ္တိမဂ္ဂစိတ္တဉ္စ တိက္ခတ္တုံ သောတာပတ္တိဖလစိတ္တာနိ စ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တတော ပရံ ဘဝင်္ဂပါတော ဟောတိ။

မန္ဒပညပုဂ္ဂလဿ သန္တာနေ–

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန ပရိကမ္မောပစာရာနုလောမ ဂေါတြဘူစိတ္တာနိ စေဝ ဧကဝါရ သောတာပတ္တိမဂ္ဂစိတ္တဉ္စ ဒွိက္ခတ္တုံ သောတာပတ္တိဖလစိတ္တာနိ

စ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တတော ပရံ ဘဝင်္ဂပါတော ဟောတိ။

တိက္ခပညပုဂ္ဂလဿ သန္တာနေ ဥပစာရာနုလောမ ဂေါတြဘူဟိ ပရံ စတုတ္ထဝါရေ အပ္ပနာဇဝနံ ဟောတိ။

မန္ဒပညပုဂ္ဂလဿ သန္တာနေ ပရိကမ္မောပစာရာနုလောမ ဂေါတြဘူဟိ ပရံ ပဉ္စမဝါရေ အပ္ပနာဇဝနံ ဟောတီတိ ယထာရဟံ ပဝတ္တတိ။

စတုတ္ထီ။ စတုတ္ထဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တာသုဘေသု၊

မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာသုဘေသု၊

ပဏီတံ ဘာဝေတွာ သုဘကိဏှေသု၊

စတုတ္ထဇ္ဈာနစုတိတော ပရံ သတ္တရသ သဟေတုက ပဋိသန္ဓိယော ဟောန္တိ။

ပဌမ ဒုတိယ တတိယဇ္ဈာန ပဋိသန္ဓိဝဇ္ဇိတာယော စတုဒ္ဒသ ပဋိသန္ဓိယောတိပိ ဝဒန္တိ။

ဆဋ္ဌီ။ အာယတနာနိ– စက္ခာဒိအာယတနာနိ။ ဒွါရာလမ္ဗဏဘေဒေန– ဆန္နံ ဒွါရာနံ စ ဆန္နံ အာရမ္မဏာနံ စ ဘေဒေန။ ဒွါဒသ– ဗာရသဝိဓာနိ။ ဘဝန္တိ– ဟောန္တိ။ ဓာတုယော– စက္ခာဒိဓာတဝေါ။ ဒွါရာလမ္ဗတဒုပ္ပန္နပရိယာယေန– ဆန္နံ ဒွါရာနံ ဆန္နံ အာရမ္မဏာနံ တဒုဘယံ နိဿာယ ဥပ္ပန္နာနံ တတ္တကာနမေဝ ဝိညာဏာနံ ကမေန။ အဋ္ဌာရသ– အဋ္ဌာရသဝိဓာ။ (ဘဝန္တိ)

* * * * *

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### မေးခွန်းလွှာ

၁။ ပထမပုဒ်အရ အကုသိုလ်တရားကိုသာ ကောက်နိုင်သောတိက်တို့၏ အမည်များကို ရေးပါ။

၂။ မဂ္ဂါရမ္မဏတိက်နော–ဟူသော ပုဒ်ကို ပြည့်စုံစွာ အနက်ပေး၍၊ အဇ္ဈတ္တာရမ္မဏတိက် ပထမ ပုဒ်အရကိုလည်း သစ္စာဖွဲ့ပြပါ။

၃။ အောက်ပါ (က) (ခ) ပုဒ်တို့၏အရကို ကောက်ပြ၍ ဂန္ထသမ္ပယုတ္တ ဓမ္မတို့ကိုလည်း ဖော်ပြပါ။

(က) အပ္ပစ္စယာ ဓမ္မာ၊ (ခ) သနိဒဿနာ ဓမ္မာ၊

၄။ အဇ္ဈတ္တိကဒုက် ပထမပုဒ်၌ ရနိုင်သော ခန်, အာ, ဓာတ်, သစ် တို့ကို သချာမျှ ရေး၍ အောက်ပါ (က) (ခ) အရတို့ကိုလည်းကောက်ပြပါ။ (ခန္ဓာ စသည်ဖွဲ့ရန်မလို)

(က) မှိုင်းသာ ဖြစ်သောတရား၊

(ခ) ပြင်းစွာစွဲလမ်းတတ်သောတရား၊

၅။ ရူပဘဝအရ ရုပ်တရားကိုသာ ကောက်ပြ၍၊ အောက်ပါပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကိုလည်း ရေးသားပါ။

ဇာတိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ။

၆။ အောက်ပါ (က) (ခ) တို့တွင် (က)၌ ယေ ဓမ္မာ အရ ဒုတိယပုဒ်နှင့် ပဥ္စမနယ (ခ) ၌ ယေ ဓမ္မာအရ တတိယနှင့် စတုတ္ထနယ အသီးအသီး နှစ်မျိုးစီရအောင် ကောက်ပြပါ။

(က) စက္ခာယတနေန ယေ ဓမ္မာ၊ (ခ) သမုဒယသစ္စေန ယေ ဓမ္မာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### အဖြေလွှာ

၁။ သံကိလိဋ္ဌတိက်, ဒဿနတိက်, ဒဿနဟေတုတိက်, ဟီနတိက်, မိစ္ဆတ္တတိက် ပေါင်း ၅-တိက်။

၂။ မဂ္ဂါဓိပတိနော-မဂ်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း ရှိကုန်သော၊ ဓမ္မာ- တို့သည်၊ သံဝိဇ္ဇန္တိ- ကုန်၏။

တစ်နည်းကား: မဂ္ဂါဓိပတိနော-မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း ရှိကုန်သော၊ ဓမ္မာ- တို့သည်၊ သံဝိဇ္ဇန္တိ- ကုန်၏။

တစ်နည်းကား: မဂ္ဂါဓိပတိနော-မဂ်လျှင် သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော၊ ဓမ္မာ- တို့သည်၊ သံဝိဇ္ဇန္တိ- ကုန်၏။

### သစ္စာဖွဲ့ပုံ

အဇ္ဈတ္တာရမ္မဏစိတ် ၆၂-ခု၊ လောဘကြဉ်သော စေတသိက် အဋ္ဌစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏။

၃။ (က) နိဗ္ဗာန်၊

(ခ) ရူပါရုံ၊

လောဘမူစိတ် ၈-ခု, ဒေါသမူဒွေ, ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘ, ဒွေါသမူဒွေ၌ ဒေါသ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ။

၄။ ခန်– ၂၊ အာ– ၆၊ ဓာတ်– ၁၂၊ သစ္စာ– ၁။

(က) ဥပါဒါရုပ် စတုဝီသ၊

(ခ) လောဘ, ဒိဋ္ဌိဟု ဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂–ပါး။

၅။ ဣတ္ထိဘော, ပုမ္ဘော, ဃာန, ဇိဝှါ, ကာယကြဉ်သော ကမ္မဇရုပ် ပန္နရသ ရ၏။ ဒွိဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယဓာတုယာ သင်္ဂဟိတာ။

၆။ (က) စက္ခာယတနကြဉ်သော ရုပ်သတ္တဝီသ (ဒုတိယနယ) နာမက္ခန္ဓာ ၄–ပါး, နိဗ္ဗာန် (ပဌမနယ)။

(ခ) ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်။ (တတိယနယ) သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉–ခု (စတုတ္ထနယ)။

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မာပါဠိမောက်ဘာသာ

### မေးခွန်းလွှာ

၁။ အဘယ်သိမ်မျိုးကို ဗဒ္ဓသိမ်ဟု ခေါ်ပါသနည်း၊ ထိုဗဒ္ဓသိမ်၏အင်္ဂါများကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

၂။ သူတစ်ပါး၏ကျောင်းကို မိမိကျောင်းဖြစ်စေလို၍ တရားရုံး၌ အနိုင်ရသည်အထိ တရားစွဲဆိုသော ရဟန်းအား သင့်နိုင်သောအာပတ်များကို အသီးသီး ခွဲခြားဖြေဆိုပါ။

၃။ ဒုဗ္ဗစရဟန်းက ရဟန်းကောင်းတို့အား ပြောကြားသော စကားကို အနက်ယောဇနာပါ။

၄။ ယာဝတတိယက သံဃာဒိသေသ် သိက္ခာပုဒ်တို့၏ အမည်များကို ရေး၍ ဂိလာနရဟန်းများအကပ်ခံ၍ ၇–ရက်တိုင်တိုင် သုံးဆောင်ကောင်းသော ဆေးငါးမျိုးကိုလည်း ဖော်ပြပါ။

၅။ ရဟန်းတော်များ အကပ်မခံဘဲ သုံးဆောင်ကောင်းသော ဝတ္ထုပစ္စည်းများကို ပါဠိမောက်လာအတိုင်း ထုတ်ပြပါ။

၆။ သုဒ္ဓပါစိတ်၌လာသော မဟာနာမ သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

### အဖြေလွှာ

၁။ **ဇဒ္ဒသိမ်**

၁၁–ပါးသော ဝိပတ္တိသိမ်တို့ကို လွန်မြောက်၍ သမ္ပတ္တိ ၃–မျိုးနှင့်ယှဉ်သော နိမိတ်အချင်းချင်းစပ်၍ သမုတ်အပ်သောသိမ်သည် ဇဒ္ဒသိမ်မည်၏။

**ဇဒ္ဒသိမ်၏အင်္ဂါ**

၁။ ဝိပတ္တိသိမ် ၁၁–လုံးကို လွန်ခြင်း၊
၂။ နိမိတ္တသမ္ပတ္တိဖြစ်ခြင်း၊
၃။ ပရိသာသမ္ပတ္တိဖြစ်ခြင်း၊
၄။ ကမ္မဝါစာသမ္ပတ္တိဖြစ်ခြင်း၊
၅။ နိမိတ်အချင်းချင်း စစ်မိခြင်း၊

၂။ တရားစွဲလျှင် ဒုက္ကဋ်၊
ပိုင်ရှင် ယုံမှားသံသယဖြစ်လျှင် ထုလ္လစ္စဉ်း၊
ငါ့ဟာ မဖြစ်တော့လတ္တံ့ဟု ပိုင်ရှင်က ဝန်ချလျှင် ဆုံးဖြတ်လျှင် ပါရာဇိက။

၃။ အနက်ထင်ရှားပြီ။

၄။ သံဃဘေဒကသိက္ခာပုဒ်၊ ဘေဒါနုဝတ္တကသိက္ခာပုဒ်၊ ဒုဗ္ဗစသိက္ခာပုဒ်၊ ကုလဒူသကသိက္ခာပုဒ်။

**ဆေး ၅–မျိုး**

၁။ သပ္ပိ– ထောပတ်၊
၂။ နဝနီတ– ဆီဦး၊
၃။ တေလ– ဆီ၊
၄။ မဓု– ပျား၊
၅။ ဖာဏိတ– တင်လဲ။

၅။ ‘ရေ, ဒန်ပူ။

၆။ ပါဠိထင်ရှားပြီ။

* * * * *

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ ဇကာဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္မုတ္တိ ယုတ္တာနိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာ နာမ။

အင်္ဂါနိ ပန–

ဇကာဒသန္နံ ဝိပတ္တိသီမာနံ အတိက္ကမနံ စေဝ, နိမိတ္တသမ္ပတ္တိ စ, ပရိသာသမ္ပတ္တိ စ, ကမ္မဝါစာသမ္ပတ္တိ စ, နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မနနဉ္စာတိ ပဉ္စဂိဓာနိ ဟောန္တိ။

ဒုတိယာ။ ပရဿ ဝိဟာရံ အဘိယုဉ္ဇန္တဿ အာပတ္တိဒုက္ကဋဿ၊ သာမိကဿဝိမတိံ ဥပ္ပါဒေန္တဿ အာပတ္တိ ထုလ္လစ္စယဿ၊ သာမိကော န မယှံ ဘဝိဿတီတိ ဓုရံ နိက္ခိပတိ အာပတ္တိ ပါရာဇိကဿ။

တတိယာ။ အာယသ္မာ– ဘဝံ။ အတ္တာနံ– အတ္တံ။ အဝစနီယံ– အဝဒိတဗ္ဗံ။ မာ အကာသိ– မာ ကရိ။ အာယသ္မာ– ဘဝံ။ အတ္တာနံ– အတ္တံ။ ဝစနီယမေဝ– ဝဒိတဗ္ဗမေဝ။ ကရောတု– ကုရုတု။ အာယသ္မာပိ– ဘဝံ စ။ ဘိက္ခူ– သမဏေ။ သဟဓမ္မေန– သဟဓမ္မိကေန သိက္ခာပဒေန။ ဝဒတု– ဝဒေတု။ ဘိက္ခူပိ– သမဏာ စ။ အာယသ္မန္တံ– ဘဝန္တံ။ သဟဓမ္မေန– သဟဓမ္မိကေန သိက္ခာပဒေန။ ဝက္ခန္တိ– ဘဏိဿန္တိ။ ဧဝံ– ဣတိ။ ယဒိဒံ– ယေန။ အညမညဝစနေန– အညမညဿ ဝစနေန။ ယဒိဒံ– ယေန။ အညမညဝုဋ္ဌာပနေန– အညမညဿ အာပတ္တိတော ဝုဋ္ဌာပနေန။ တဿ ဘဂဝတော– အဿ ဗုဒ္ဓဿ။ ပရိသာ– သာဝကပရိသာ။ သံဝဍ္ဎာ ဟိ– သီလာဒိနာ ဝုဍ္ဎိဓေဝ။ (ဟောတိ)

စတုတ္ထီ။ သံဃဘေဒက ဘေဒါနုဝတ္တက ဒုဗ္ဗစ ကုလဒူသက သိက္ခာပဒဝသေန စတ္တာရိ ယာဝတတိယက သိက္ခာပဒါနိ ဟောန္တိ။

သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတဝသေန ပဉ္စဝိဓာနိ ဘေသဇ္ဇာနိ ဟောန္တိ။

ပဉ္စမီ။ ဥဒက, ဒန္တပေါဏဝသေန ဒွေ ဟောန္တိ။

* * * * *

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
မေးခွန်းလွှာ

၁။ (က) ကုဗ္ဗတော၊ (ခ) ပဋ္ဌဒ္ဒသိံ၊ (ဂ) ဝိဒူနဂ္ဂမိတိ တို့ကို ပုဒ်ဖြတ်၍၊ (ဃ) ဘောဝါဒီနာမသော၊ (င) ဇေဝံဟိဝေါ (စ) ပါဇေဝ တို့ကို ပုဒ်စပ်ပြီးလျှင် မနည်းကို သန္ဓိရုပ်အကျဉ်း တွက်ပြပါ။

၂။ သဗ္ဗော စံ တိ သုတ်၌ ယူရမည့် တိ မျိုးကို ဖော်ပြပြီးလျှင် န္တုဿ န္တော ယောသုစ သုတ်၌ အန္တသဒ္ဒါ၏ အကျိုးကို ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၃။ ဂတိ ဗုဒ္ဓိ ဘုဇ ပဌ စသော သုတ်ကို ကျနစွာအနက် ယောဇနာပါ။

၄။ (က) ပဋ္ဌိန္နြိယံ၊ (ခ) နီလုပ္ပလံ၊ (ဂ) စန္ဒိမသူရိယာ တို့၏ သမာသ်အမည်များကို အသီးအသီး ဖော်ပြပြီးလျှင် (ဃ) သမူဟတဒ္ဓိတ်၊ (င) အဿတ္ထိတဒ္ဓိတ်တို့၏ ပုံစံများကိုလည်း တစ်ခုစီ ထုတ်ပြပါ။

၅။ အာချာတ်ကျမ်းလာ ယ ပစ္စည်း နှစ်မျိုး၏ အထူးကို ဖော်ပြ၍ (က) ဖသော၊ (ခ) ပါကော၊ (ဂ) ဓမ္မော၊ (ဃ) တိဏ္ဏော၊ (င) သတ္ထာ တို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။

၆။ ပယတ်လေးမျိုးကို ပုဒ်စစ်ကျမ်းလာအတိုင်း အဓိပ္ပါယ်နှင့်တကွ ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### အဖြေလွှာ

၁။ (က) ကုဝတော၊ (ခ) ပဋ္ဌ + ဒသိ၊ (ဂ) ဝိဒ္ဓုန် + အဂ္ဂ + ဣတိ၊
(ဃ) ဘောဝါဒိနာမသော၊ (င) ဓဝဠိဝေါ၊ (စ) ပဂေဝ။

မနော + အညံ တည်၊ ပုထဿ ဗုဒ္ဓနေ ၌ အန္တဖြင့် ဩ–ကို ဥ–ပြု၊ ဝါပရော အသရူပါ ဖြင့် နောက် အ–ကိုချေ၊ မနုည ပြီး၏။

၂။ အတိ–ပတိ–ဣတိသဒ္ဒါတို့၏ တိ–ကို ယူရမည်။

အတိ, ပတိ, ဣတိနံ တိသဒ္ဒဿေဒ် ဂဟဏံ။ (ရူ)

အန္တသဒ္ဒါသည် ဂုဏဝန္တ စသော ပြယုဂ်တို့၌ န္တု–၏အဆုံး ဥ–ကို အ–ပြု၊ ယောကိုလည်း ဣ ပြုရခြင်း အကျိုးရှိသည်။

၃။ အနက်ထင်ရှားပြီ။

၄။ (က) ဒိဂုသမာသ်၊ (ခ) ကမ္မဓာရည်း၊ (ဂ) ဒွန်၊
(ဃ) ဂါမတာ၊ (င) မေဓာဝီ။

၅။ **ဃ ပစ္စည်း ၂–မျိုးအထူး**

ဘာဝကမ္မေသု ယော သုတ်ဖြင့် သက်သောပစ္စည်းသည် ဓာတ်အားလုံးနောင် ဘော+ကံ အနက်၌ သက်သည်။

(သဗ္ဗေဟိ ဓာတူဟိ ဘာဝကမ္မေသု ယပစ္စယော ဟောတိ)

ဒိဝါဒိတော ယော သုတ်ဖြင့်သက်သော ယ ပစ္စည်းသည် ဒိဝု အစရှိသော ဓာတ်အပေါင်းနောင် ကတ္တားအနက်၌ သက်သည်။

(ဒိဝု ဣစ္စေဝမာဒိတော ဓာတုဂဏတော ယပစ္စယော ဟောတိ ကတ္တရိ)

(က) ဖုသဓာတ်– ဏ ပစ္စည်း၊

(ခ) ပစဓာတ်– ဏ ပစ္စည်း၊

(ဂ) ဓရဓာတ်– ရမ္မ ပစ္စည်း၊

(ဃ) တရဓာတ်– တ ပစ္စည်း၊

(င) သာသဓာတ်– ရတ္ထုပစ္စည်း၊

၆။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## သဒ္ဒပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ (က) ကုဝတော၊ (ခ) ပဋ္ဌ + ဒသိ၊ (ဂ) ဝိဒူနံ + အဂ္ဂံ + ဣတိ၊ (ဃ) ဘောဝါဒိနာမသော၊ (င) ဝေဠိဝေါ၊ (စ) ပဂေဝ။

မနော + အညတ္ထိ ပဒစ္ဆေဒံ ကတ္တာ "ပုထသု ဗျဉ္ဇနေ"တိ သုတ္တေ အန္တဂ္ဂဟဏေန သရေ ပရေ ဩကာရဿ ဥကာရာဒေသံ ကတ္တာ "ဝါ ပရော အသရူပါ"တိ သုတ္တေန ပရသရလောပံ ကတ္တာ မနုညတ္ထိ ရူပံ ပရိယောသာနံ ပါပုဏာ။

**ဒုတိယာ။** အတိ, ပတိ, ဣတီနံ တိသဒ္ဒဿေဒံ ဂဟဏံ။

အန္တဂ္ဂဟဏေန န္တုပစ္စယဿ အန္တော အတ္တ မာပဇ္ဇတေ၊ ယောနဉ္စ က္လကာရော ဟောတိ၊ ဂုဏဝန္တို။

**တတိယာ။** ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ – ဂတျတ္ထဓာတု ဗုဒ္ဓျတ္ထဓာတု ဘောဇနတ္ထဓာတု ပဌနတ္ထဓာတု ဟရဓာတု ကရဓာတု သီဓာတု အာဒီနံ (ပယောဂေ) ကာရိတေ– ကာရိတပစ္စယ ယောဂေ (သတိ ပယောဇကကတ္တုဘူတေ ကမ္မနိ လိင်္ဂမှာ ဒုတိယာ) ဝါ– ဝိကပ္ပေန (ဟောတိ)

**စတုတ္ထီ။** (က) ဒိဂုသမာသော၊ (ခ) ကမ္မဓာရယ သမာသော၊ (ဂ) ဒွန္ဒသမာသော၊ (ဃ) ဂါမတာ၊ (င) မေဓာဝီ။

**ပဉ္စမီ။** “ဘာဝေကမ္မေသု ယော”တိ သုတ္တေ အာဂတော ယပစ္စယော သဗ္ဗေဟိ ဓာတူဟိ ဘာဝ ကမ္မေသု ဟောတိ။

“ဒိဝါဒိတော ယော” တိ သုတ္တေ အာဂတော ယပစ္စယော ပန ဒိဝု က္လစေ္ဆဝမာဒိတော ဓာတုဂဏတော ကတ္တရိ ဟောတိ။

(က) ဖုသဓာတု ဏပစ္စယော၊

(ခ) ပစဓာတု ဏပစ္စယော၊

(ဂ) ဓရဓာတု ရမ္မပစ္စယော၊

(ဃ) တရဓာတု တပစ္စယော၊

(င) သာသဓာတု ရတ္ထုပစ္စယော၊

ဆင့်။ တေသံ ဧကေစတ္တာလီသာယ အက္ခရာနံ ဥစ္စာရဏတ္ထာယ အာရဘနသင်္ခါတာနိ ပယတနာ-
နိ သံဝုတ, ဝိဝတ, ဖုဋ္ဌ, ဤသံဖုဋ္ဌ ဝသေန စတုဗ္ဗိဓာနိ။

တတ္ထ မုခါနံ ပိဒဟနံ သံဝုတံနာမ၊ မုခါနံ ဝိဝရဏံ ဝိဝတံနာမ၊ မုခါနံ ဖုသနံ ဖုဋ္ဌံနာမ၊
မုခါနံ ဤသကံ ဖုသနံ ဤသံဖုဋ္ဌံနာမ။

* * * * *

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမယေတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

၁။ ဈာနသောဒစိတ် အာလမ္ဗဏဘေဒစိတ်တို့ကို အမည်မျှ ဖော်ပြပြီးလျှင် လောကုတ္တရာစိတ်၌ အဘယ်ကြောင့် ကြိယာစိတ်မရှိသည်ကိုလည်း ဖြေဆိုပါ။

၂။ အကုသိုလ်ပဉ္စမအသင်္ခါရိကစိတ်၌ ယှဉ်နိုင်သော စေတသိက်တို့ကို ဖော်ပြပြီးလျှင် အဟိတ်စိတ်၌ သင်္ဂဟနည်း မည်မျှရှိသည်ကိုလည်း ကျနစွာရေတွက်ပြပါ။

၃။ မည်သည့်ဘုံ၌ မည်သည့်ဝတ္ထုနှင့် မည်သည့်ဝိညာဏဓာတ်တို့ ဖြစ်ကြသည်ကို အသီးသီး ဖော်ပြပါ။

၄။ ဒုတိယမဟန္တာရုံဝီထိကို သင်ရိုးနည်းကျ ချပြပြီးလျှင် ပဋိသန္ဓိ ဘဝင်္ဂ တဏှာ စဝနမာန သံ စသော ဂါထာ၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

၅။ နိဗ္ဗာန်၏ အဓိပ္ပါယ်ကို ပြဆိုသော သင်္ဂဟဂါထာကို အနက်မှန်မှန်ယောဇနာပါ။

၆။ တတ္ထ-တဗ္ဗာဝ (လ) ပပဥ္စေန္တိ အာစရိယာ၌ ပေယျာလကို ဖော်ထုတ်ပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### အဖြေလွှာ

၁။ **ဈာနဘေဒစိတ်–** ရူပါဝစရစိတ် (လောကုတ္တရာစိတ်)
ယထာ စ ရူပါဝစရံ ဂယှတာနုတ္တရံ တထာ။
ပထမာဒိ ဈာန ဘေဒေ။
**အာလမ္ဗဏဘေဒစိတ်–** အရူပစိတ်ဖြစ်ပါသည်။

### ကြိယာမရှိကြောင်း
မဂ်သည် တစ်ကြိမ်သာ ဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာမရှိပါ။

၂။ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂–ပါး၊
အကုသလသာဓာရဏစေတသိက် ၄–ပါး၊
ဒေါစတုက် ၄–ပါး၊
ပေါင်း ၂၀–ပါး။

### အဟိတ်စိတ် သင်္ဂဟနည်း
၁။ ဟသိတုပ္ပါဒ်စိတ်၌ (ဒွါဒသ) တစ်နည်း၊
၂။ ဝုဋ္ဌော–သုခသန္တီရဏတို့၌ (ဧကာဒသ)
၃။ မနောဓာတ် ၃–ခု အဟိတ်ပဋိသန္ဓေအစုံ၌ (ဒသ)
၄။ ဒွေပဉ္စဝိညာဉ် ၁၀–ခု၌ (သတ္တ)

၃။ **ဝတ္ထုနှင့်ဝိညာဏဓာတ်**

ကာမဘုံ၌ ဆဝတ္ထု, သတ္တဝိညာဏဓာတ်။

ရူပဘုံ၌ စက္ခု, သောတ, ဟဒယဝတ္ထု, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်။

အရူပဘုံ၌ ဝတ္ထုရုပ်မရှိ , မနောဝိညာဏဓာတ်။

၄။ **ဒုတိယ မဟန္တာရုံဝီထိ**

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘွင် သုံးကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ် ဖြစ်ပြီးလျှင် သတ္တမဇော၏ ဘင်နှင့်ပြိုင်လျက် ၁၇–ချက် ရုပ်သက်စေ၍ ချုပ်ခြင်းရှိသော ဝီထိသည် ဒုတိယ မဟန္တာရုံဝီထိမည်၏။

**ဝီထိပုံစံ**

တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇော ၇–ကြိမ်။

**ဂါထာအဓိပ္ပါယ်**

တစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မသင်္ခါရအားဖြင့် တစ်မျိုးတည်း သဘောတူ၏။

ဥပမာ။ ပဋိသန္ဓေစိတ်သည် မဟာဝိပါက် ပထမစိတ်ဖြစ်လျှင် ဘဝင်, စုတိစိတ်တို့သည်လည်း ၎င်းမဟာဝိပါက် ပထမစိတ်ပင် ဖြစ်သည်။

အခြားသောစိတ်များလည်း နည်းတူပင်ဖြစ်၏။

အာရုံအားဖြင့်လည်း တူရမည်၊ ပဋိသန္ဓေစိတ်က ကံကို အာရုံပြုလျှင် ဘဝင်, စုတိစိတ်

များလည်း ကံကိုပင် အာရုံပြုကြရသည်။
ကမ္မနိမိတ်, ဂတိနိမိတ်များလည်း နည်းတူပင် ဖြစ်၏။

၅။ ပဒမစ္ဆုတာ မစ္စန္တံ-စသောဂါထာကို အနက်ရေးလေ။

၆။ ပေယျာလထင်ရှားပြီ။

* * * * *

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## သင်္ဂဟာ ပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ ရူပါဝစရစိတ္တံ ဈာနဘေဒစိတ္တံ နာမ။ (လောကုတ္တရစိတ္တံ စ) တေနာဟ-
"ယထာစရူပါဝစရံဂယှတာနုတ္တရံတထာ။
ပထမာဒိဈာနဘေဒေ" တိ။
အရူပစိတ္တံ အာရမ္မဏဘေဒစိတ္တံ နာမ။
တေန ဝုတ္တံ- "အာလမ္ဗဏပ္ပဘေဒေန၊ စတုဓာရုပ္ပမာနသ" န္တိ။
မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ နတ္ထိ လောကုတ္တရေ ကြိယစိတ္တံ။

ဒုတိယာ။ (ပဉ္စအသင်္ခါရိကစိတ္တေ သမ္ပယုတ္တစေတသိကာ ပုဗ္ဗေ ဝုတ္တာယေဝ။)
ဟသနစိတ္တေ ဒွါဒသက္ကတိ သင်္ဂဟနယော စ၊
ဝေါဋ္ဌဗ္ဗန သုခသန္တီရဏေသု ဧကာဒသက္ကတိ သင်္ဂဟနယော စ၊

မနောဓာတုတ္တိကာဟေတုက ပဋိသန္ဓိယုဂဠေ ဒသက္ကတိသင်္ဂဟနယော စ၊

ဒွိပဉ္စဝိညာဏေ သတ္တဓာ ကတိ သင်္ဂဟနယော ဓာတိ စတုဗ္ဗိဓာ အဟေတုကသင်္ဂဟနယော ဝေဒိတဗ္ဗာ။

ဒုတိယာ။ ကာမာဝစရဘူမိယံ ဆဝတ္ထုံ နိဿာယ သတ္တဝိညာဏဓာတုယော ဟောန္တိ။

ရူပါဝစရဘူမိယံ စက္ခု သောတ ဟဒယသင်္ခါတံ တိဝတ္ထုံ နိဿာယ ဃာနာဒိတ္တယဝိဇ္ဇိတာ စတဿော ဝိညာဏဓာတုယော ဟောန္တိ။

အရူပါဝစရဘူမိယံ ကိဉ္စိပိ ဝတ္ထုံ အနိဿာယ ဧကာမနောဝိညာဏဓာတု ဟောတိ။

စတုတ္ထီ။ ယဒိ တိစိတ္တက္ခဏတိကံ ရူပါရမ္မဏံ စက္ခုဿ အာပါထမာဂစ္ဆတိ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗနစိတ္တာနိ စေဝ သတ္တဇဝန ဝါရာနိ စ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ သတ္တမဇဝနဿ ဘင်္ဂက္ခဏေန ဧကတော နိရုဇ္ဈမာနံ အာရမ္မဏံ ဒုတိယမဟန္တာရမ္မဏံ နာမ။

ဧကသ္မိံ ဘဝေ– ပဋိသန္ဓိ စ ဘဝင်္ဂံ စ စုတိစိတ္တံ စ ဣမေတယော ဘူမိတော စေဝ ဇာတိတော စ သမ္ပယုတ္တဓမ္မတော စ သင်္ခါရတော စ သမာနမေဝ ဟောတိ။ တထာ ဟိ သစေ ပဋိသန္ဓိစိတ္တံ ပဌမမဟာဝိပါကစိတ္တံ ဟောတိ။ ဘဝင်္ဂစုတိစိတ္တာနိပိ ပဌမမဟာဝိပါကစိတ္တာနေဝ ဟောန္တိ။ ဧဝံ သေသာနိပိ။

အာရမ္မဏတောပိ သမာနမေဝ ဟောတိ။ သစေ ဟိ ပဋိသန္ဓိစိတ္တံ ကမ္မံ အာရမ္မဏံ ကရောတိ၊ ဘဝင်္ဂစုတိစိတ္တာနိပိ ကမ္မာရမ္မဏာနေဝ ဟောန္တိ။ ကမ္မနိမိတ္တ ဂတိနိမိတ္တာနံပိ အာရမ္မဏ ကရဏကာလေ ဧသေဝ နယော။

ပဉ္စမီ။ အစ္စုတံ– အစဝနံ။ အစ္စန္တံ– စုတိသင်္ခါတံ အန္တံ အတိက္ကန္တံ။ အသင်္ခတံ– ကမ္မ စိတ္တ

ဥတု အာဟာရ သခ်ိါတေဟိ ပစ္စယ ဓမ္မေဟိ န သခ်တံ။ အနုတ္တရံ– အတ္တနော ဥတ္တရိတရဓမ္မ ဝိရဟိတံ။ ပဒံ– မဂ္ဂဖလာန မာရမ္မဏဘူတံ ဓမ္မံ။ နိဗ္ဗာနမိတိ– နိဗ္ဗာနံ ဣတိ။ ဝါနမုတ္တာ– ဝါနသခ်ိါတာယ တဏှာယ မုတ္တာ။ မဟေသယော–တထာဂတာ။ ဘာသန္တိ– ဒေသေန္တိ။

* * * * *

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### မေးခွန်းလွှာ

၁။ တတိယပဒ၌ အဗျာကတတရားအကုန်ရသော တိက်တို့၏ အမည်ကိုရေး၍ ရဟန္တာ၏ ဥစ္စာဖြစ်သော တရားတို့ကိုလည်း ထုတ်ပြပါ။

၂။ ဥပါဒိန္နတိက် ဒုတိယပုဒ်အရ ရုပ်သက်သက်ကိုသာ ကောက်ပြပြီးလျှင်၊ ဥပ္ပါဒိနော ဟူသော ပုဒ်ကိုလည်း ဆိုရိုးကျ အနက်ပေးပါ။

၃။ အောက်ပါ (က) (ခ) တို့၏အရကို ကောက်ပြ၍ ပရာမာသ သမ္ပယုတ္တဒုက်၏ ဒုက်မုတ်ကိုလည်း ထုတ်ပြပါ။

(က) သညောဇနသမ္ပယုတ္တာ ဓမ္မာ၊

(ခ) ဩဃသမ္ပယုတ္တာ ဓမ္မာ၊

၄။ စိတ္တသဟဘုနော ဓမ္မာ အရ၌ သစ္စဝိမုတ်တရားတို့ကို ထုတ်ပြပြီးလျှင်၊ ဥပေက္ခာသဟဂတဒုက် ပထမပုဒ်၌ရနိုင်သော ခန်, အာ, ဓာတ်, သစ် တို့ကို သချိုးမျှ ရေးခဲ့ပါ။

၅။ အောက်ပါ (က) (ခ) (ဂ) (ဃ) တို့၏ အရကို ကောက်ပြပြီးလျှင်၊ "ဈာနံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ"ဟူသောပါဠိကို မှန်ကန်စွာ ဖြေပါ။

(က) ဗာဝီသတိန္ဒြိယာနိဌ် သမာဓိန္ဒြေ၊ (ခ) စတသော အပ္ပမညာယော ဌ် ဥပေက္ခာ၊ (ဂ) ပဋ္ဌ ဗလာနိ ဌ် သမာဓိဗိုလ်၊ (ဃ) အဓိမောက္ခ။

၆။ ဒုတိယနယ၌ အဘယ်သို့သော တရားမျိုးကို ဟောပါသနည်း ရှင်းပြပြီးလျှင် အောက်ပါ (က) (ခ) ယေ နှစ်ရပ်တို့၏ ခြားနားချက်ကို စတုတ္ထ ပဥ္စမနယ အလိုက်ခွဲခြားဖြေဆိုပါ။

သုခိန္ဒြိယေန (က) ယေ ဓမ္မာ ။ပ။ တေဟိ ဓမ္မေဟိ (ခ) ယေ ဓမ္မာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### အဖြေလွှာ

၁။ ကုသလတိက်, ဒဿနတိက်, ဒဿနဟေတုတိက်, အာစယဂါမိတိက်, မိစ္ဆတ္တတိက် ပေါင်း ၅–တိက်။

**မှတ်ချက်။** ။ အတီတတိက် တတိယပုဒ်၌ အတိတ် အနာဂတ် အဗျာကတများ ကျန်ကြသည်၊ အဇ္ဈတ္တတိက် တတိယပုဒ်၌ အဇ္ဈတ္တသန္တာန်သက်သက် ဗဟိဒ္ဓသန္တာန်သက်သက် အဗျာကတများကျန်သည်။

အရဟတ္တဖိုလ်စိတ် ၁–ခု, စေတသိက် ဆတ္တိံသ။

၂။ စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသ။

အနက်ထင်ရှားပြီ။

၃။ (က) အကုသိုလ် ဒွါဒသ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ၊

(ခ) အကုသိုလ်စိတ် ဒွါဒသ ဒေါသမူဒွေ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ။

**ဒုက်မုတ်–** ဒိဋ္ဌိသည် ဒုက်မုတ်ဖြစ်သည်။

၄။ ကြွင်းသော မဂ်စိတ် ၄–ခု၌ရှိသော မဂ္ဂင် ၈–ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ ဖိုလ်စိတ် ၄–ခု၌ရှိသော စေတသိက် ဆတ္တိံသ သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ခန်– ၃၊ အာ– ၂၊ ဓာတ်– ၇၊ သစ္စာ– ၃။

၅။ (က) ဝိစိကိစ္ဆာသဟဂုတ် ဒွေပဉ္စဝိညာဉ်– ၁၀, မနောဓာတ် ၃–ခု, သန္တီရဏ ၃–ခု ကြဉ်သော စိတ် ၇၂–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗြွေမည်၏။

(ခ) ရူပါဝစရပဉ္စမဈာန်၌ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ မည်၏။

(ဂ) လောကုတ္တရာစိတ် ၈–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ် မည်၏။

(ဃ) ဒွေပဉ္စဝိညာဉ်– ၁၀၊ ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော စိတ် ၇၈–ခု၌ ရှိသော အဓိမောက္ခစေတသိက်သည် အဓိမောက္ခမည်၏။

တီဟိခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။

၆။ ဒုတိယနယ၌ ခန္ဓာတူ အာယတနကွဲ ဓာတ်ကွဲ တရားမျိုးကိုလည်းကောင်း, ခန္ဓာ အာယတနတူ ဓာတ်ကွဲတရားမျိုးကိုလည်းကောင်း ဟောသည်။

(က) သုခိန္ဒြေကြဉ်သော ဝေဒနိန္ဒြေ ၄–ပါး, (စတုတ္ထနယ) ဩဠာရိကရုပ် ၁၆ပါးဒသ, ဝိညာဏက္ခန္ဓာ (ပဉ္စမနယ)

(ခ) သုခိန္ဒြေ (စတုတ္ထနယ)

ဝေဒနာ–သညာ–သင်္ခါရ–နိဗ္ဗာန် (ပဉ္စမနယ)

□ □ □ □

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

မေးခွန်းလွှာ

၁။ ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ ၌ ယာဝတိကာအရ ယူရမည့် အရေအတွက်သချာနှင့် ဘိက္ခူအရ ယူရမည့်ရဟန်းများကို ဖြေဆိုပါ။

၂။ အဘယ်သို့ ပြုကျင့်ခြင်းကို သိက္ခာသာဇီဝသို့ ရောက်သည်ဟု ဆိုရကြောင်း ဖော်ပြပြီးလျှင် ပါရာဇိအာပတ်သင့်သောရဟန်းသည် ထိုအာပတ်ကို စင်ကြယ်အောင် မည်သို့ကုစားရမည်နည်း။

၃။ ဥပက္ခဋ သိက္ခာပုဒ်နှစ်ပါးတို့၏ ထူးခြားချက်ကို ပါတိမောက်လာအတိုင်း အကျဉ်းချုပ်ရေးသားပါ။

၄။ အနုပခဇ္ဇသိက္ခာပုဒ် ပါဠိကိုရေးပါ။

၅။ ဥပဿုတိသိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၆။ ပါဋိဒေသနီယ အာပတ်သင့်ရာ၌ ပြောကြားပုံအခြင်းအရာကို ရေးသားပြီးလျှင် သေခိယလာ ဆွမ်းစားခြင်းနှင့် စပ်လျဉ်း၍ ကျင့်အပ်သော သိက္ခာပုဒ်များကိုလည်း သိသာရုံ ဖော်ပြပါ။

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
### အဖြေလွှာ

၁။ **ယူရမည့်အရေအတွက်ကား–** အယုတ်ဆုံး ၄–ပါး, ၄–ပါးထက်အလွန် ဖြစ်သည်။
**ဘိက္ခုအရ–** ပကတတ်ရဟန်းကို ယူရမည်။

၂။ အဓိသီလဟု ဆိုအပ်သော သိက္ခာကို ဖြည့်ကျင့်ခြင်းသည်လည်းကောင်း, ပညတ်တော်မူအပ်သောသိက္ခာဟု ဆိုအပ်သော သာဇီဝကို မလွန်ကျူးခြင်းသည်လည်းကောင်း သိက္ခာသာဇီဝသို့ ရောက်သည်မည်သည်။

**ပါရာဇိကကုစားပုံ**

လူ, သာမဏေ, အရာမ်စောင့် စသည်ပြုလုပ်၍ နေခြင်းသည် ပါရာဇိကအာပတ်ကုစားပုံမည်သည်။

* *ပါရာဇိက၊ သင့်တုံက၊ ကုသ လမ်းမရှိ။*
*လူ, သာမဏေ၊ လုပ်၍နေ၊ စင်လေ အာပတ္တိ။*

၃။ **ပထမ ဥပက္ခဋသိက္ခာပုဒ်၌–**

ရဟန်းကိုရည်စူး၍ သင်္ကန်းဘိုးစီရင်သော ဒါယကာတစ်ယောက်၏အထံသို့ ရှေး၌ မဖိတ်ကြားဘဲ ချဉ်းကပ်၍ ကောင်းသည်၏အဖြစ်ကိုစွဲ၍ သင်္ကန်း၌ အထူးစီရင်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

**ဒုတိယ ဥပက္ခဋသိက္ခာပုဒ်၌–**

ရဟန်းကိုရည်စူး၍ သင်္ကန်းဘိုးကို စီရင်ကုန်သော ဒါယကာနှစ်ဦးတို့၏အထံသို့ ရှေး၌

အရှင်ဘိလောကာဘိဝံသ (အင်းစိန်)

မဖိတ်ဘူ ဘဲ ချဉ်ဖက်ရှဲကောင်းသည်၏ အဖြစ်ကိုစွဲ၍ သင်္ကန်း၌ အထူးစီရင်သော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

၄။ ပါဠိထင်ရှားပြီ။

၅။ အနက်ထင်ရှားပြီ။

၆။ **ပါဋိဒေသနီအာပတ် ဒေသနာပြောကြားပုံ**

ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ တံ ပဋိဒေသေမိ။

**ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်များ**

ခမ္ဘကတဝဂ် အဆုံး ၄–ပုဒ်၊ သက္ကစ္စဝဂ် ၁၀–ပုဒ်၊ ကဗဠဝဂ် ၁၀–ပုဒ်၊ သုရုသုရုဝဂ်အစ ၆–ပုဒ် ပေါင်း – ၃၀။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ ယာဝတိကာတိ ပဒေန သမ္ဗန္ဓိမေန ပရိစ္ဆေဒေန စတုသဉ္ဇံ ဒဿေတိ။

ပကတတ္တဘူတာ ဘိက္ခူ ယာဝတိကာတိ ဝုစ္စန္တိ။

**ဒုတိယာ။** အဓိသီလသင်္ခါတာယ သိက္ခာယ ပရိပူရိဏ် စ ပညတ္တသ သိက္ခာပဒဿတြ သ သာဓိဝဿ အဝိတိက္ကမနံ စာတိ တဒူဘယံ ဥပဂတော သိက္ခာသာဇီဝသမာပန္နော နာမ။

ဂိဟိ သာမဏေရ အာရာမိကာဒီနံ အညတရဘာဝေါ ပါရာဇိကတော ဝိသုဒ္ဓိ နာမ။

**တတိယာ။** ပထမ ဥပက္ခင္ခသိက္ခာပဒေ–

ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ စီဝရစေတာပန္နံ ဥပက္ခင္ခဿ ဧကဿ ဒါယကဿ သန္တိကာ ပုဗ္ဗေ အပ္ပဝါရိတော ဥပသင်္ကမိတွာ ကလျာဏကမျတာ ဥပါဒါယ စီဝရေ ဝိကပ္ပံ အာပဇ္ဇန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဒုတိယ ဥပက္ခင္ခသိက္ခာပဒေ ပန–

ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ စီဝရစေတာပန္နာနိ ဥပက္ခင္ခာနံ ဒွိန္နံ ဒါယကာနံ သန္တိကာ ပုဗ္ဗေ အပ္ပဝါရိတော ဥပသင်္ကမိတွာ ကလျာဏကမျတာ ဥပါဒါယ စီဝရေ ဝိကပ္ပံ အာပဇ္ဇန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယန္တိ အယမေတေသံ ဝိသေသော။

**ပဉ္စမီ။** ယောပန ဘိက္ခု – ယာဒိသော သမဏော။ ဘဏ္ဍနကာရကာနံ– ပဝတ္တဘဏ္ဍနာနံ။ ကလဟကာရကာနံ– ပဝတ္တကလဟာနံ။ ဝိဝါဒါပန္နာနံ– ဝိဝါဒံ အာပန္နာနံ။ ဘိက္ခူနံ· သမဏာနံ။ ဥပဿုတိံ– သုတိသမီပံ။ တိဋ္ဌေယျ– တိဋ္ဌနံ ကရေယျ။ ယံ– ယာဒိသံ ဝစနံ။ ဣမေ– ဧတေ ဘိက္ခူ။ ဘဏိဿန္တိ– ဝက္ခန္တိ။ တံ–နံ ဝစနံ။ သောဿာမိ– သုဏိဿာမိ။ ဣတိ– ဧဝံ မနသိ ကတွာ။ ဧတဒေဝ– ဧတံ ဘိက္ခူနံ မန္တနဝစနဿ သောတုံ ကာမံယေဝ။ ပစ္စယံ ကရိတွာ ကာရဏံ ကတွာ။ အနညံ– အညကာရဏဝိရဟိတတော ဟုတွာ။ (တိဋ္ဌေယျ) (တဿ ဘိက္ခုနော) ပါစိတ္တိယံ– ပါစိတ္တိယာပတ္တိ (ဟောတိ)

**ဆဋ္ဌီ။** ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ

ပါဠိဒေသနီယာပတ္တိ အာရောစေတဗ္ဗာ။

ဘောဇနပဋိသံယုတ္တ သိက္ခာပဒါနိ ပန-

ခမ္ဘကတဝဂ္ဂ ပရိယောသာနေ စတ္တာရိ သိက္ခာပဒါနိ စေဝ, သက္ကစ္စဝဂ္ဂေ ဒသ သိက္ခာပဒါနိ စ,

ကဗဠဝဂ္ဂေ ဒသ သိက္ခာပဒါနိ စ,

သုရုသုရုဝဂ္ဂေ အာဒိဘူတာနိ ဆ သိက္ခာပဒါနိ စာတိ တိံသ ဟောန္တိ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) ဒုက္ကဋံ၊ (ခ) နိယံပုတ္တံ၊ (ဂ) ဓိဝိတမပ္ပမာယု တို့ကို ပုဒ်ဖြတ်၍၊ (ဃ) ယာဝစ+က္လဝ၊ (င) အဘိ+ဤရိတံ၊ (စ)ပတိ+အဂ္ဂိ တို့ကို ပုဒ်စပ်ပြီးလျှင် ဇဝံသတေကို သန္ဓိရုပ်အကျဉ်း တွက်ပါ။

၂။ ယောနံ နော သုတ်ဖြင့် ကတရဿ ဈနောင် ယော ကို နော ပြုရာ၌ ကတရဿ ဈနောင် မဟုတ်လျှင် လုံးဝ နော မပြုနိုင်ဟု မှတ်ရမည်လော၊ ရူပသိဒ္ဓိလာအတိုင်း ပုံစံထုတ်၍ ရှင်းပြပါ။

၃။ ကာရကာတ္တေ စ သုတ်လာ ပုံစံကို ထုတ်ပြပြီးလျှင်၊ ကျနစ္စာ အနက်ယောဇနာပါ။

၄။ အဗျယီဘောသမာသ်, ဒွန်သမာသ်တို့၏ ပုံစံများကို ထုတ်ပြပြီးလျှင်၊ (က) ဗန္ဓနိယံ၊ (ခ) ဒုဠ္ဍလွံ (ဂ) တေဇဿီ တို့သည် မည်သည့်တဒ္ဓိတ်များ ဖြစ်ကြသည်ကို ဖော်ပြပါ။

၅။ (က) ဃာတကော၊ (ခ) ဒဿော၊ (ဂ) ဝုတ္တော၊ (ဃ) ကာတဝေ၊ (င) ဤသက္ကရံ တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၆။ အဘယ်သို့သော လိင်မျိုးကို သဘာဝတိလိင်, ဝစ္စတိလိင် ခေါ်ဆိုရကြောင်းကို ပုဒ်စစ် ကျမ်းလာအတိုင်း ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### အဖြေလွှာ

၁။ (က) ဒုက္ကတံ၊ (ခ) နိဗ္ဗုတ္တံ၊ (ဂ) ဓီဝိတံ + အပ္ပံ + အာယု၊ (ဃ) ယာဝဇ္ဈံ၊ (င) အဘ္ဘိရိုတံ၊ (စ) ပဋ္ဌက္ဂိ။

ဇဝံ + အဿတေ တည်၊ ပရော ဝါ သရော ဖြင့် နောက် အ–ကိုချေ၊ ဗျဥ္စနော စ ဝိသညောဂေါ ဖြင့် သသညောဂဗျည်းကို ဝိသညောဂဗျည်းပြု၊ ဇဝံသတေ ပြီး၏။

၂။ ယောနံ နော သုတ်ဖြင့် ကတရဿ ဈ နောင် ယောကို နော ပြုရာ၌ ကတရဿ ဈ နောင် မဟုတ်လျှင် နော–မပြုနိုင်ဟု မမှတ်ရပါ။

သာရမတိနော စသောပြယုဂ်တို့၌ ကတရဿ ဟူသော လိုက်ပုဒ်ကိုကြဉ်သော ယောနံ နော ဟူသော ဝိနာဝိကာရယောဂဝိဘာဂဖြင့် အကတရဿ ဈနောင် ယောကိုလည်း နော–ပြုရသည်။

အဝိကာရံ ဝိနာ ယောနံ၊ နောတိ ယောဂဝိဘာဂတော။
ကွစိ အကတရဿာပိ၊ နော သရမတိနော ယထာ။ (ရူ)

၃။ အနက်ထင်ရှားပြီ။

၄။ ဥပနဂရံ (အဗျယီဘော)
စက္ခုဩဿာတံ (ဒွန်)
(က) တဒဿဍာနတဒ္ဓိတ်၊ (ခ) နိဿိတတဒ္ဓိတ်–ဌာနတဒ္ဓိတ်၊ (ဂ) အဿတ္ထိတဒ္ဓိတ်။

၅။ (က) ဟန–ဓာတ် – ဏွု ပစ္စည်း၊
(ခ) ဒံသ ဓာတ်– တ ပစ္စည်း၊
(ဂ) ဝသ ဓာတ်– တ ပစ္စည်း၊
(ဃ) ကရ ဓာတ်– တဝေ ပစ္စည်း၊
(င) ဉာဏ်သံ သဒ္ဒူပ ပဒ–ကရဓာတ်–ခ ပစ္စည်း။

၆။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## **သဒ္ဒပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမှာ။ (က) ဒုက္ကတံ၊ (ခ) နိစ္စံပုတ္တာ၊ (ဂ) ဓိဝိတံ + အပ္ပံ + အာယု၊ (ဃ) ယာဝဇ္ဇီဝ၊ (င) အဗ္ဘိရိုတံ၊ (စ) ပဋ္ဌက္ကိ။

ဧဝံ + အဿတေတိ ပဒစ္ဆေဒံ ကတွာ "ပရော ဝါ သရော" တိ သုတ္တေန နိဂ္ဂဟိတမှာ ပရဿ အကာရဿ လောပေါ၊ "ဗျဉ္ဇနေ စ ဝိသညောဂေါ" တိ သုတ္တေန ဝိသညောဂံ ကတွာ

ဇေဝ်သတေတိ ရူပ် သိဇ္ဇျတိ။

ဒုတိယာ။ အမိကာရ် ဝိနာ ယောန်၊ နောတ် ယောဂဝိဘာဂတော။
ကွစိ အကတရဿာပိ နော သာရမတိနော ယထာ။

တတိယာ။ အနနုဗောဓော အပ္ပဋိဝေဓာ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာတိ။

စတုန္နံ– စတုဗ္ဗိဓာနံ၊ အရိယသစ္စာနံ– အရိယဘာဝကရာနံ– သစ္စာနံ၊ အနနုဗောဓာ– အနုရူပ် အဗုဇ္ဈနတော၊ အပ္ပဋိဝေဓာ– ပဋိဝိဇ္ဈိတွာ အဇာနနတော၊ ယထာဘူတံ– ယထာတထံ၊ အဒဿနာ– အပဿနတော၊ (ဇဝ် ဣဒံ ဒီဃံ အဒ္ဓါနံ သန္ဓာဝိတံ)

စတုတ္ထီ။ ဥပနဂရန္တိ အဗျယိဘာဝသမာသော၊
စက္ခုသောတန္တိ ဒွန္ဒသမာသော၊
(က) တဒဿဉာနတဒ္ဓိတံ ဟောတိ၊
(ခ) နိဿိတတဒ္ဓိတံ ဟောတိ၊ ဉာနတဒ္ဓိတံ စ၊
(ဂ) အဿတ္ထိတဒ္ဓိတံ ဟောတိ၊

ပဉ္စမီ။ (က) ဟနဓာတု ဏွုပစ္စယော၊
(ခ) ဒံသဓာတု တ ပစ္စယော၊
(ဂ) ဝသဓာတု တပစ္စယာ၊
(ဃ) ကရဓာတု တဝေပစ္စယာ၊
(င) ဉ္ဇသံသဒ္ဒူပပဒ ကရဓာတု ခပစ္စယော။

၆။ ပဒဝိစယော ဟေဋ္ဌာ ဝုတ္တောယေဝ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### မေးခွန်းလွှာ

၁။ မနောဒွါရာဝဇ္ဇနံ ၌ မနောဒွါရနှင့် မနောဒွါရာဝဇ္ဇန တို့ကို ခွဲခြားကောက်ပြ၍၊ အဘယ့်ကြောင့် မနောဒွါရာဝဇ္ဇန်းဟု ခေါ်ဆိုရကြောင်းကိုလည်း ဖော်ပြပါ။

၂။ မဟာကြိယာတတိယစိတ်၌ တစ်ပြိုင်နက် အများဆုံးယှဉ်နိုင်သော စေတသိက်တို့ကို ဖော်ပြ၍၊ ထိုစိတ်ကို ဟိတ်, ကိစ္စ, ဒွါရတို့ဖြင့် ဝေဖန်ပြပါ။

၃။ စိတ္တုပ္ပါဒါ စတုဒ္ဒသည်၌ စတုဒ္ဒသ အရကို ရေတွက်ပြပြီးလျှင်၊ ဂေါတြဘုအမည်ရသော စိတ်ကိုလည်း ညွှန်းပြပါ။

၄။ ဘဝင်စိတ်၏ အဓိပ္ပါယ်ကို သင်္ဂဟဆရာအလိုကျ ဖော်ပြ၍၊ လက္ခဏာရုပ်တို့ နုကုတောစိ သမုဋ္ဌာန်မည်ခြင်းအကြောင်းကိုလည်း ရှင်းပြပါ။

၅။ သံသရာစက်ပြတ်ပုံပြ ဂါထာကို အနက်မှန်မှန်ပေးပါ။

၆။ သစ္စာတရားကိုယ်နှင့် သစ္စဝိမုတ်ပြ ဂါထာ ၂–ခုတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### အဖြေလွှာ

၁။ **မနောဒွါရ**

အာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်စိတ်သည် မနောဒွါရမည်၏။

**မနောဒွါရာဝဇ္ဇ န**

အဟိတ်ကြိယာ မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည် မနောဒွါရာဝဇ္ဇနမည်၏။

ထိုမနောဒွါရ၌ ဒိဋ္ဌ, သုတ, မုတ အစရှိသည်၏ အစွမ်းဖြင့် ထင်ခြင်းသို့ ရောက်လာသော အာရုံကို ဆင်ခြင်တတ်သောကြောင့်လည်းကောင်း, စိတ်အစဉ်ကို ညွှတ်စေတတ်သောကြောင့် လည်းကောင်း မနောဒွါရာဝဇ္ဇန်းမည်ပါသည်။

၂။ အညသမာန်းစေတသိက် ၁၃–ပါး၊
သောဘနသာဓာရဏစေတသိက် ၁၉–ပါး၊
ကရုဏာ, မုဒိတာတို့တွင် တစ်ပါးပါး ၁–ပါး၊
ပေါင်း ၃၃–ပါး။
၎င်းစိတ်သည် ဒွိဟိတ်, ဓောကိစ္စ, ၆–ဒွါရ။

၃။ စတုဒ္ဒသ
ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်၊
စက္ခုဝိညာဉ် ၁–ကြိမ်၊

| | |
|---|---|
| သမ္ပဋိစ္ဆိုင်း | ၁–ကြိမ်၊ |
| သန္တီရဏ | ၁–ကြိမ်၊ |
| ဝုဋ္ဌော | ၁–ကြိမ်၊ |
| ဇော | ၇–ကြိမ်၊ |
| တဒါရုံ | ၂–ကြိမ်၊ |
| ပေါင်း | ၁၄–ကြိမ်။ |

## ဂေါတြဘူ

မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၈–ပါးသည် ဂေါတြဘူမည်၏။

၄။ ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝင်စိတ်မည်ပါသည်။
ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂ သန္တတိ သဉ္ဇိတံ မာနသံ။

## နကုတောစိ သမုဋ္ဌာန်

ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘော၏အဖြစ်ကြောင့် နကုတောစိသမုဋ္ဌာန် မည်ပါသည်။

၅။ အနက်ထင်ရှားပြီ။

၆။ ပါဠိထင်ရှားပြီ။

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **သင်္ဂဟ ပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ အာဝဇ္ဇနသ္သ အနန္တရပစ္စယဘူတံ ဘဝင်္ဂစိတ္တံ မနောဒွါရံ နာမ။

ကြိယာဟေတုက မနောဝိညာဏဓာတု ဥပေက္ခာသဟဂတံ စိတ္တံ မနောဒွါရာဝဇ္ဇနံနာမ။

မနောဒွါရေ ဒိဋ္ဌသုတမုတာဒိဝသေန အာပါထမာဂတာရမ္မဏံ အာဝဇ္ဇေတိ၊ ဝုတ္တနယေန ဝါ စိတ္တသန္တာနံ ပရိဏာမေတီတိ မနောဒွါရာဝဇ္ဇနံ နာမ။

ဒုတိယာ။ တေရသ အညသမာနစေတသိကာ စေဝ ဧကူနဝီသတိ သောဘနသာဓာရဏာ စ ကရုဏာ မုဒိတာသု အညတရော စာတိ တေတ္တိံသ စေတသိကာ မဟာကြိယာ တတိယ စိတ္တေ ဥက္ကံသကောဋိယာ ဧကတော လဗ္ဘန္တိ။

တံ စိတ္တံ ဒွိဟေတုကံ ဇဝနကိစ္စံ ဆဒွါရိကန္တိ ဝိဘာဇိတဗ္ဗံ။

တတိယာ။ ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗနာနံ ဝိသုံ ဝိသုံ ဧကေကဝါရတ္တာ သတ္တဇဝနဝါရာနိ စ ဒွေ တဒါရမ္မဏဝါရာနိ စာတိ စုဒ္ဒသဝိဓာနိ ဟောန္တိ။

အဋ္ဌ ဉာဏသမ္ပယုတ္တ ကာမာဝစရဇဝနာနိ ဂေါတြဘုနာမေန ပဝတ္တန္တိ။

ပဉ္စမီ။ ပန– သံသာရစက္ကပရိဝတ္တနတော အပရံ သံသာရစက္ကဝိဝတ္တနံ ဝက္ခာမိ။ ဗုဓာ– ပဏ္ဍိတာ။ အဓုဝံ– အနိစ္စံ ပလောက–ဓမ္မံ။ ဇေတံ– တံ ဝဋ္ဋဓမ္မံ။ ပဋိသင်္ခါယ– ပညာယ ပစ္စဝေက္ခိတွာ။ စိရာယ– စိရံ ကာလံ။ သုဗ္ဗတာ– သုန္ဒရပဝတ္တာ ဟုတွာ။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ သုဋ္ဌု မဂ္ဂေန သမုစ္ဆိန္နသိနေဟဗန္ဓန ဝန္တာ ဟုတွာ။ (အထဝါ) သိနေဟဗန္ဓနံ သုဋ္ဌု မဂ္ဂေန သမုစ္ဆိန္ဒန္တာ ဟုတွာ။ အစ္စုတံ– အစဝနံ။ ပဒံ– နိဗ္ဗာနံ။ အဓိဂန္တွာ မဂ္ဂဖလဉာဏေန ဥ တွာ (သစ္ဆိကတွာ)

သမံ– သဗ္ဗဿ ဝဋ္ဋဒုက္ခဿ သန္တဘာဝှာနဘူတံ နိဗ္ဗာနဓာတုံ။ သေယန္တိ– ဂမိဿန္တိ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း ။ ။ မာတိကာ ဓာတုကထာဘာသာ
### မေးခွန်းလွှာ

၁။ အောက်ပါ (က) (ခ) တိက်တို့၏အမည်တို့ကို ရေးပါ။

(က) စေတသိက်ကိုသာ တိက်မှတ်ထုတ်ရသောတိက်၊

(ခ) နိဗ္ဗာန်ကိုသာ တိက်မှတ်ထုတ်ရသော တိက်၊

၂။ အောက်ပါ (က) (ခ) တို့ကို မာတိကာဆိုရိုးအရ တိကျစွာဖော်ပြပါ။

(က) ပရိတ္တတရားလျှင် အာရုံရှိသောတရား၊

(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသောတရား၊

၃။ လောကိယာ ဓမ္မာဟူသော ပုဒ်ကို ဆိုရိုးကျ အနက်ပေးပြီးလျှင်၊ စူဠန္တရဒုက် မဟန္တရဒုက်တို့မှ ပထမပုဒ်အရ ရုပ်တရားကိုသာ ကောက်ရသောဒုက်တို့၏ အမည်များကို စုံလင်စွာ ရေးသားပါ။

၄။ ဥပါဒိန္နဒုက် ပထမပုဒ်အရကို ခန်, အာ, ဓာတ်, သစ် သချာမျှဖွဲ့ပြ၍၊ မဂ် ၄–ခုတို့ ပယ်အပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခုတို့၏ ထူးခြားချက်နှင့် ပယ်ပုံအထူးတို့ကိုလည်း ထင်ရှားအောင် ဖော်ပြပါ။

၅။ သညာဘဝ, အသညာဘဝတို့၏အရကို ကောက်ပြ၍၊ အောက်ပါပုစ္ဆာပါဠိ၏ ဝိသဇ္ဇနာပါဠိကို ရေးပြီးလျှင် ၎င်းပါဠိကိုပင် သရုပ်ပေါ်အောင် အနက်ပေးပြပါ။

**အသညာဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိ**

**မေး**

၆။ အညိန္ဒြိယေန ယေ ဓမ္မာဒွိ ဍယေ ဓမ္မာအရကို တတိယ စတုတ္ထ ပဉ္စမနယတို့ အသီးအသီး ရအောင်ခွဲခြားကောက်ပြ၍ ပဉ္စမနယဒွိ အဘယ်သို့သောတရားမျိုးကို ဟောပါသနည်း ရှင်းပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### အဖြေလွှာ

၁။ (က) ဝိတက္ကတိက်၊

(ခ) ဥပ္ပန္နတိက်၊ အတီတတိက်၊

* စေတသိက်သာ၊ တိက်မှတ်လာ၊ မှတ်ပါ ဝိတက်တိက်။

ဥပ္ပ- တီတံ၊ ထိုနှစ်တန်၊ နိဗ္ဗာန် တိက်မှတ်ပေ။

၂။ (က) ကာမတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ်- ၁၀, မနော ဓာတ် ၃-ခု, သန္တီရဏ ၃-ခု, မဟာဝိပါက်စိတ် ၈-ခု, ဟသိတုပ္ပါဒ်စိတ် ၁-ခု, စေတသိက် တွေတွဲ သ။

(ခ) ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ်- ၁၀, မနော ဓာတ် ၃-ခု, ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀-ခု။

၃။ အနက်ထင်ရှားပြီ။
သနိဒဿနဒုက်၊ သပ္ပဋိဃဒုက်၊ ရူပီဒုက်၊ ဥပါဒါဒုက်။
မှတ်ချက်။ ။ ကေနစိဝိညေယျဒုက်ကိုလည်း အခိုက်အတန့်အားဖြင့် ရနိုင်သည်။

၄။ ခန်- ၅-ပါး, အာ ၁၁-ပါး, ဓာတ် ၁၇-ပါး, သစ္စာ ၁-ပါး။

## မဂ် ၄-ခုဖြင့်ပယ်အပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်

၁။ သောတာပတ္တိမဂ်သည် အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကို တနုကရအားဖြင့် ပယ်အပ်သည်။

၂။ သကဒါဂါမိမဂ်သည် ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကို တနုကရအားဖြင့် ပယ်သည်။

၃။ အနာဂါမိမဂ်သည် ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကို အကြွင်းမရှိသောအားဖြင့် ပယ်သည်။

၄။ အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကို အကြွင်းမရှိသောအားဖြင့် ပယ်သည်။

၅။ 

## သညာဘဝ

နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ၃၁, စေတသိက် ၃၅, ကမ္မဇရုပ် ၂၀ သည် သညာဘဝမည်၏။

## အသညာဘဝ

ဇီဝိတနဝကကလာပ်ရုပ်သည် အသညာဘဝမည်၏။

အသညာဘဝေါ ဧကေနခန္ဓေန ဒွီဟိ အာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတော။

အသညာဘဝေါ-ကို၊ ဧကေန- သော၊ ခန္ဓေန- ရူပက္ခန္ဓာဖြင့်၊ ဒွီဟိ- ကုန်သော၊ အာယ

တနေဟိ– ရူပါယတန, ဓမ္မာယတနတို့ဖြင့်၊ ဒွိဟိ– ကုန်သော၊ ဓာတူဟိ– ရူပဓာတ် ဓမ္မဓာတ်တို့ဖြင့်၊ သင်္ဂဟိတော– ရေတွက်အပ်၏။

၆။ **အညိန္ဒြိယေန– ယေ ဓမ္မာ**

**တတိယနယ–** ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

**စတုတ္ထနယ–** အညိန္ဒြေကြဉ်သော သင်္ခါရက္ခန္ဓာ– ၅၀။

**ပဉ္စမနယ–** ဩဠာရိကရုပ် ၁၂ ဒွါဒသ ဝိညာဏက္ခန္ဓာ။

**ပဉ္စမနယ၌ ဟောသောတရား–** ခန္ဓာကွဲ, အာယတနကွဲ, ဓာတ်ကွဲတရားတို့ကို ဟောပါသည်။

၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

**ပထမငယ်တန်း။ ။ အဘိဓမ္မာပါတိမောက်ဘာသာ**

မေးခွန်းလွှာ

၁။ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စတို့၏ အထူးကိုရေးသား၍၊ ပတ္တကလ္လအင်္ဂါတို့ကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။

၂။ တတိယပါရာဇိကသိက္ခာပုဒ်၌ ထာဝရပယောဂပြပါ၌, အာဏတ္တိပယောဂပြပါ၌နှင့် သံဝဏ္ဏနာကာရပြပါ၌တို့ကို အသီးအသီး ထုတ်ပြပြီးလျှင်၊ သင့်မှာ ဆင်းဆင်းရဲရဲနေရခြင်းထက် သေရခြင်းက မြတ်သေး၏ဟု သေချင်လာအောင် ပြောကြားခြင်းကြောင့် ထိုသူသေခဲ့သော် ပြောကြားသောရဟန်းအား ပါရာဇိက ကျ,မကျ အထောက်ပြ၍ ဖြေဆိုပါ။

၃။ ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ အနုဝတ္တကရဟန်းတို့အား ရဟန်းကောင်းတို့က ပြောဆိုပုံ ပါဠိကိုသာ အနက်ပေးပါ။

၄။ ဥဒေါသိတသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးသားပါ။

၅။ အောက်ပါရဟန်းတော်များအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ သင့်ကြသည်ကို ဖော်ပြပါ။

(က) မာတုဂါမနှင့်အတူတကွ ဆိတ်ကွယ်ရာ၌ နေသောရဟန်း၊

(ခ) မာတုဂါမနှင့် အတူတကွ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေသောရဟန်း၊

(ဂ) မာတုဂါမနှင့် အတူတကွတိုင်ပင်၍ အရပ်တစ်ပါးသို့ ခရီးသွားသော ရဟန်း၊

၆။ သေခိယ၌ အဂိလာနသဒ္ဒါပါသော သိက္ခာပုဒ်များကို သိသာရုံ ရေတွက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

အဖြေလွှာ

၁။ **ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စအထူး**

သံဃာ မစည်းဝေးမီ ရှေ့အဘို့၌ပြုအပ်သောကြောင့် ပုဗ္ဗကရဏမည်၏။

သံဃာစည်းဝေးပြီးသည်မှနောက် ပါတိမောက်မပြမီ ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စမည်၏။

**ပတ္တကလ္လအင်္ဂါ ၄–ပါး**

၁။ စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဥပုသ်နေ့တို့တွင် တစ်နေ့နေ့ဖြစ်ခြင်း၊

၂။ အယုတ်ဆုံး ၄–ပါး, ၄–ပါးထက်အလွန်ရှိသော ပကတတ်ရဟန်းတို့ တစ်သိမ်တည်း၌ ဟတ္ထပါသ်စပ်လျက် တည်ခြင်း၊

၃။ ဝတ္ထုသဘာဂအာပတ် မရှိခြင်း၊

၄။ ဟတ္ထပါသ်အတွင်း၌ ဝဇ္ဇနီယပုဂ္ဂိုလ် မရှိခြင်း၊

၂။ **ထာဝရပယောဂပြုပါ၄်–** သတ္ထဟာရကံ ဝါသ ပရိယေသေယျ။

**အာဏတ္တိပယောဂပြုပါ၄်–** မရဏာယ ဝါ သမာဒပေယျ။

**သံဝဏ္ဏနာကာရပြုပါ၄်–** အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန မတံ တေ ဇီဝိတာ သေယျော။

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ ကိုထောက်၍ ပါရာဇိက ကျပါသည်။

၃။ အနက်ထင်ရှားပြီ။

၄။ ပါဠိထင်ရှားပြီ။

၅။ (က) ရဟောပဋိစ္ဆန္န သိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) ရဟောနိသဇ္ဇ သိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) သပ္ပါဏကဝဂ် သံဝိဓာန သိက္ခာပုဒ်ဖြင့် ပါစိတ်၊

၆။ သက္ကစ္စဝဂ် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်၊

သုရုသုရုဝဂ်အဆုံး ၄–ပုဒ်၊

ပါဒုကဝဂ်အားလုံး ၁၅–ပုဒ်၊

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ သံဃသန္နိပါတတော ပုဗ္ဗဘာဂေ ကတ္တဗ္ဗတ္တာ ပုဗ္ဗကရဏံ နာမ။

သံဃသန္နိပါတတော အပရဘာဂေ စ ဥပေါသထကရဏတော ပုဗ္ဗဘာဂေ စ ကတ္တဗ္ဗတ္တာ ပုဗ္ဗကိစ္စံ နာမာတိ အယမေတေသံ ဝိသေသော။

(ပတ္တကလ္လအင်္ဂါနိ ပုဗ္ဗေ ဝုတ္တာနေဝ)

ဒုတိယာ။ "သတ္တဟာရက် ဝါသ ပရိယေသေယျာ"တိ ဣမိနာ ထာဝရပယောဂံ ဒဿေတိ။

"မရဏာယ ဝါ သမာဒပေယျာ" တိ ဣမိနာ အာဏတ္တိပ္ပယောဂံ ဒဿေတိ။

"အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေနမတံ တေ ဇီဝိတာ သေယျော" တိ ဣမိနာ သံဝဏ္ဏနာကာရံ ဒဿေတိ။

"မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျာ"တိ ပါဠိ ဥပနိဓာယ ပါရာဇိကာပတ္တိ ဟောတိ။

တတိယာ။ အာယသ္မန္တော– ဘဝန္တော။ (တုမှေ) ဇဝံ– ဣတိ။ မာအဝစုတ္ထ– မာ ကထ ယိတ္ထ။ ဧသော ဘိက္ခု–အယံ သမဏော။ န စ ဓမ္မဝါဒီ–ဓမ္မဿပိ အဝစနသီလော။ ဧသော ဘိက္ခု–အယံ သမဏော။ နစ ဝိနယဝါဒီ– ဝိနယဿာပိ အဝစနသီလော။ အာယသ္မန္တာနမ္ပိ– ဘဝန္တာနံပိ။ သံဃဘေဒေါ– သံဃဿ ဘေဒေါ။ မာ ရုစ္စိတ္ထ– မာ ခမိတ္ထ (န ရုစိတဗ္ဗော) အာယ သ္မန္တာနံ – ဘဝန္တာနံ။ (စိတ္တံ) သံဃေန–သမဏဂဏေန။ (သဒ္ဓိံ) သမေတု– သမာဂစ္ဆတု (ဒိဋ္ဌိ သီလသမာနဘာဝံ သမာဂစ္ဆတု) ဟိ–သစ္စံ။ ဟိ–ယသ္မာ ဝါ။ သမဂ္ဂေါ– သဟိတော စိတ္တေန စေဝ သရီရေန စ အဝိယုတ္တော။ သံဃော– သမဏဂဏော။ သမ္မောဒမာနော– သုဋ္ဌု မောဒမာ

နော။ အဝိဝဒမာနော– ဓမ္မ အဓမ္မာဒိနာ ဝိဝဒမာနဝိရဟိတော။ ကေုဒ္ဒေသော– ကေတော ပဝတ္တာ ပါတိမောက္ခုဒ္ဒေသော။ (ဟုတွာ) ဖာသု– သုခံ။ ဝိဟရတိ–ဝသတိ။

ပဉ္စမီ။ (က) ရဟောပဋိစ္ဆန္နသိက္ခာပဒေန ပါစိတ္တိယာပတ္တိ။

(ခ) ရဟောနိသဇ္ဇသိက္ခာပဒေန ပါစိတ္တိယာပတ္တိ။

(ဂ) သပ္ပါဏကဝဂ္ဂေ သံဝိဓာနသိက္ခာပဒေန ပါစိတ္တိယာပတ္တိ။

ဆဋ္ဌီ။ သက္ကစ္စဝဂ္ဂေ သူပေါဒနဝိညတ္တိသိက္ခာပဒံ စ,
သုရုသုရုဝဂ္ဂ ပရိယောသာနေ စတ္တာရိ သိက္ခာပဒါနိ စ,
ပန္နရသ ပါဒုကဝဂ္ဂ သိက္ခာပဒါနိ စာတိ ဝီသတိ ဟောန္တိ။

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### မေးခွန်းလွှာ

၁။ (က) သာဓုတိ၊ (ခ) သွဿ၊ (ဂ) နိယကော၊ (ဃ) ယထရိဝ–တို့ကိုပုဒ်ဖြတ်၍၊ (င) တံဇေ ဇွေ၊ (စ) ဓည် ဣဝ၊ (ဆ) ပုထ ဧဝ၊ (ဇ) ပုထ ဘူတံ တို့ကို ပုဒ်စပ်ပြီးလျှင်၊ ပဗ္ဗဇ္ဇန္တိကို သန္ဓိရုပ်အကျဉ်း တွက်ပြပါ။

၂။ အဝမှိစ သုတ် စ.သဒ္ဒါ၌ သာဒိသေသေသု ပုဗ္ဗုတ္တဝစနေသု ဟူသောစကားတွင် သာဒိသေသအရ ယူရမည့်ဝိဘတ်များနှင့် မယူရသောဝိဘတ်များ၊ ပုဗ္ဗအရ ယူရမည့်ရှေ့သုတ်များကို

ပြည့်စုံစွာ ဖော်ပြပါ။

၃။ အနာဒရေစ သုတ်နှင့် ပဋ္ဌမျတ္တေစ သုတ်တို့၏ ဥဒါဟရဏ် ပါဠိများကို ထုတ်ပြပြီးလျှင်၊ ကျနစွာ အနက်ယောဇနာပါ။

၄။ (က) အပဋ္ဌပုလိ၊ (ခ) မဟာဒေဝီ၊ (ဂ) ကုဇနာ၊ (ဃ) ကာပုပ္ဖ တို့သည် အဘယ် သမာသ်များ ဖြစ်ကြသည်ကို အသီးသီး ဖော်ပြပြီးလျှင်၊ တခွိတ် ဧကယျပစ္စည်း, ဏိပစ္စည်း, မယ ပစ္စည်းတို့၏ ပုံစံများကိုလည်း တစ်ခုစီ ထုတ်ပြပါ။

၅။ (က) ဓိဂိသတိ၊ (ခ) ဓိဂုစ္ဆတိ၊ (ဂ) ဓိဃစ္ဆတိ၊ (ဃ) ယာဂေါနှင့် (င) ယောဂေါ တို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။

၆။ အာဒေသသန္ဓိသုံးမျိုးတို့၏ အဓိပ္ပါယ်တို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ထုတ်ဆောင် ရှင်းပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမယေ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### အဖြေလွှာ

၁။ (က) သာဓု + ဣတိ၊ (ခ) သော + အဿ၊ (ဂ) နိယတော၊
(ဃ) ယထာ ဝေ၊ (င) တဒွေဝေတ္တ၊ (စ) ခညံဝ၊
(ဆ) ပုထဂေဝ၊ (ဇ) ပုထုဘူတံ။

ပ + ဗဒ္ဓ တည်၊ ပရ ဒွေဘာဝေါ ဌာနေ ဖြင့် ဗ ၏ သဒိသဒွေဘော် ဗ– လာ၊ ဗ–ဗသို့ ကပ်၊ ပဗ္ဗဒ္ဓ ပြီး၏။

၂။ **သာဒိသေသအရ–** သ နှစ်လုံး၊ ယော နှစ်လုံး၊ နာ သွာ သို့ သု အားဖြင့် ၈–လုံးတို့ကို ယူရပါမည်။

* *ယော နှစ်လုံး,နာ၊ သ–နှစ်ဖြာ၊ သွာ သို့ သု။*

**ပုစ္ဆာအရ–** ဂါဝ သေ သုတ်, ယောသုစ သုတ်၊ ၄င်းသုတ် စ သဒ္ဒါတို့ကို ယူရပါမည်။

၃။ ပါဠိအနက်ထင်ရှားပြီ။

၄။ (က) မိဿကတပ္ပုရိသ်၊ (ခ) ကမ္မဓာရည်း၊ (ဂ) ဗဟုဗ္ဗိဟိ၊
(ဃ) ကမ္မဓာရည်း၊
**ဏောယျ–** ကတ္တိကေယျော၊
**ဏိ–** ဒေါဏိ၊
**မယ–** သုဝဏ္ဏမယံ။

၅။ (က) ဟရ ဓာတ် သ ပစ္စည်း၊
(ခ) ဂုပ ဓာတ် ဆပစ္စည်း၊
(ဂ) ဃသ ဓာတ် ဆ ပစ္စည်း၊
(ဃ) ယဇ ဓာတ် ဏ ပစ္စည်း၊
(င) ယုဇ ဓာတ် ဏ ပစ္စည်း၊

၆။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **သဒ္ဒပဉ္စာယ ဝိသဇ္ဇနာ**

ပထမာ။ (က) သာဓု + ဣတိ၊ (ခ) သော + အဿ၊ (ဂ) နိယပေဘာ၊
(ဃ) ယထာ ဧဝ၊ (င) တဥ္ဇေဝေတ္ထ၊ (စ) ဓည့်ဝ၊
(ဆ) ပုထဂေဝ၊ (ဇ) ပုထုဘူတံ။

ပဗ္ဗနှ္တိ ဆောက် ကတွာ "ပရ ဒွေဘာဝေါ ဌာနေ"တိ သုတ္တေန ဗကာရဿ ဒွိဘာဝံ ကတွာ ပရက္ခရံ နေတွာ ရူပသိဒ္ဓိဝေဒိတဗ္ဗာ။

ဒုတိယာ။ သာဒိသေသေသူတိဧတ္ထ ယော, နာ, သ, သ္မာ, သ္မိံ သု ဣစ္စေတာ အဋ္ဌ ဝိဘတ္တိ ယော ဂဟေတဗ္ဗာ။

သိ, အံ, နံ, ဟိတိ ဆ ဝိဘတ္တိယော န ဂဟေတဗ္ဗာ။

ပုဗ္ဗုတ္တာဝစနေသူတိ ဧတ္ထ ပုဗ္ဗသဒ္ဒေန (သဟ စသဒ္ဒေန ပဝတ္တာနိ)

"ဂါဝ သေ, ယောသု စာ"တိ ဒွေ သုတ္တာနိ ဂဟေတဗ္ဗာနိ။

တတိယာ။ ရုဒတော ဒါရကဿ ပဗ္ဗဇိ၊ ရုဒန္တသ္မိံ ဒါရကေ ပဗ္ဗဇီတိ။

ဒါရကဿ– အနာဒရိယကတ္တုဘူတဿ ကုမာရဿ၊ ရုဒတော–ရုဒန္တဿ၊ (ပိတာ) ပဗ္ဗဇိ–သာမဏေရ ဘိက္ခုဘာဝံ ဥပဂစ္ဆိ။

ဒါရကေ– အနာဒရိယကတ္တုဘူတေ ကုမာရေ၊ ရုဒန္တသ္မိံ – ရောဒန္တေ၊ (ပိတာ) ပဗ္ဗဇိ– သာမဏေရ ဘိက္ခုဘာဝံ ဥပဂစ္ဆိ။

ဂဒလီသု ဂဇေ ရက္ခန္တိတိ။

ကဒလီသု– ကဒလိဝနေဟိ၊ ဂဇေ– ဟတ္ထိနော၊ ရက္ခန္တိ– ပါလေန္တိ။

စတုတ္ထီ။ (က) မိဿကတပ္ပုရိသသမာသော၊

(ခ) ကမ္မဓာရယသမာသော၊

(ဂ) ဗဟုဗ္ဗီဟိသမာသော၊ ကမ္မဓာရယသမာသော ဝါ၊

(ဃ) ကမ္မဓာရယသမာသော၊

ကတ္တိကေယျောတိ ဏေယျပစ္စယဿ ဥဒါဟရဏံ၊

ဒေါဏီတိ ဏီပစ္စယဿ ဥဒါဟရဏံ၊

သုဝဏ္ဏမယန္တိ မယပစ္စယဿ ဥဒါဟရဏံ။

ပဉ္စမီ။ (က) ဟရ ဓာတု သပစ္စယော၊

(ခ) ဂုပဓာတု ဆပစ္စယော၊

(ဂ) ဃသဓာတု ဆပစ္စယော၊

(ဃ) ယဇဓာတု ဏပစ္စယော၊

(င) ယုဇဓာတု ဏပစ္စယော၊

ဆဋ္ဌီ။ သရဿ ဗျဉ္ဇနာဒေသော သန္ဓိ သရာဒေသသန္ဓိ နာမ။

ယထာ- မျာယံတျာဒိ၊ အယံ သန္ဓိ ဧ-သရဿ ယ-ဗျဉ္ဇနာ ဒေသတော သရာဒေသသန္ဓိ နာမ။

ဗျဉ္ဇနဿ သရာဒေသော သန္ဓိ ဗျဉ္ဇနာဒေသသန္ဓိနာမ၊ ယထာ- သြနဒ္ဓေါတျာဒိ၊ အယံ သန္ဓိ အဝဗျဉ္ဇနဿ သြသရာဒေသတော ဗျဉ္ဇနာဒေသသန္ဓိနာမ။

နိဂ္ဂဟီတဿ ဗျဉ္ဇနာဒေသော သန္ဓိ နိဂ္ဂဟီတာဒေသသန္ဓိ နာမ၊ ယထာ- တမဟံတျာဒိ၊ အယံ သန္ဓိ တကာရဿုပရိဝိဇ္ဇမာနဿ နိဂ္ဂဟီတဿ မကာရာဒေသတ္တာ နိဂ္ဂဟီတာဒေသသန္ဓိနာမ။

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

၁။ အလှူဒါနပြုရာ၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်ဖြစ်ပုံကို စုံလင်စွာ ရေးသား၍၊ ကမ္မဒွါန်းပိုင်း၌ အပ္ပမညာလေးပါး ဆိုထားပါလျက် စေတသိက်ပိုင်း၌ အဘယ်ကြောင့် နှစ်ပါးသာ ပြဆိုရပါသနည်း။

၂။ ဝိသေသက စေတသိက်များကို ၎င်းတို့အထူးပြုအပ်သော စိတ်များနှင့် ယှဉ်တွဲဖော်ပြပြီးလျှင်၊ အဘိညာဉ်ဒွေး၏ တရားကိုယ်ကိုလည်း ဖော်ပြပါ။

၃။ အဒ္ဓသဒ္ဓိ တထာ ဒွေစ ဋ္ဌ ဒွေ အရ တရားများကို ဒွါရအာရုံတို့ဖြင့်ဝေဖန်၍၊ ပရိတ္တာရုံဝီထိများ၌ ဝုဋ္ဌောစိတ် နှစ်ကြိမ်, သုံးကြိမ် ဖြစ်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

၄။ ဇနေတိ သဒိသံ ပါကံ၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဥတုတို့၏ တရားကိုယ်ကိုလည်း ကောက်ပြပါ။

၅။ မရဏကာလေ ပန (ပ) ဝေါစ္ဆိဇ္ဇတိ ဋ္ဌ ပေယျာလကို ဖော်ပြပါ။

၆။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ အစချီသောဂါထာ အနက်မှန်မှန်ပေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### အဖြေလွှာ

၁။ ဒေယျဓမ္မ ပဋိဂ္ဂါဟက စသည်တို့၏ ပြည့်စုံခြင်းကိုလည်းကောင်း, အခြားသော သောမနဿ ဖြစ်ကြောင်းကိုလည်းကောင်း စွဲ၍ ရွှင်လန်းဝမ်းမြောက်စွာ အလှူ၏အကျိုးသည်ရှိ၏ စသောနည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍ လွတ်လွတ်စွန့်ကြဲခြင်း စသည်တို့၏ အစွမ်းအားဖြင့် တွန့်တိုဆုတ်နစ်မှုမရှိဘဲ သူတစ်ပါးတို့ မတိုက်တွန်းအပ်ဘဲ အလှူဒါနပြုလျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ် ဖြစ်သည်။

### အပ္ပမညာနှစ်ပါးသာ ဆိုရကြောင်း

အဒေါသဖြင့် မေတ္တာကိုလည်းကောင်း, တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုလည်းကောင်း ယူပြီးဖြစ်သောကြောင့် အပ္ပမညာကို နှစ်ပါးသာ ပြဆိုပါသည်။

အဗျာပါဒေန မေတ္တာဟိ၊ တတြမဇ္ဈတ္တတာယ စ၊
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘောတိ။ (ဋီကာကျော်)

၂။ **ဝိသေသက + ဝိသေသိတဗ္ဗ**

ဝိတက်, ဝိစာရ, ပီတိ, သုခတို့သည် လောကုတ္တရာစိတ်၌ အထူးပြုသည်။

ဝိတက်, ဝိစာရ, ပီတိ, သုခနှင့် အပ္ပမညာစေတသိက်တို့သည် မဟဂ္ဂုတ်စိတ်၌ အထူးပြုသည်။

အပ္ပမညာစေတသိက်, ဝိရတီစေတသိက်, ဉာဏ်, ပီတိတို့သည် ကာမာဝစရသောဘနစိတ်တို့၌ အထူးပြုသည်။

## အဘိညာဉ်တရားကိုယ်

ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမစျာန်၌ရှိသော ပညာစေတသိက်သည် အဘိညာဉ်မည်၏။

၃။ သောမနဿသန္တီရဏသည် ၆–ဒွါရ၌ဖြစ်၍ ကာမကို ကေန်အာရုံပြုပါသည်။
ဝုဋ္ဌောစိတ်သည် ၆–ဒွါရ၌ဖြစ်၍ အလုံးစုံကို အာရုံပြုပါသည်။

### ဝုဋ္ဌော ၂–ကြိမ်, ၃–ကြိမ် ဖြစ်ရခြင်းအကြောင်း

ဇောမဖြစ်ခြင်းကြောင့် (ဇောအရာ၌ ဇော့ကိုယ်စား) ဝုဋ္ဌော ၂–ကြိမ်, ၃–ကြိမ် ဖြစ်ရပါသည်။

ဇဝနမ္ပိ အနုပ္ပန္နိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

၄။ ဇနေတိ သဒိသံ ပါကံ။
ပထမစျာန်ကုသိုလ်သည် ပထမစျာန်ဝိပါက်အကျိုးကို ပေး၏။
ဒုတိယစျာန်ကုသိုလ်သည် ဒုတိယစျာန်ဝိပါက်အကျိုးကို ပေး၏။
တတိယစျာန်ကုသိုလ်က တတိယစျာန်ဝိပါက်အကျိုးပေး၏။
စတုတ္ထစျာန် ကုသိုလ်က စတုတ္ထစျာန်ဝိပါက်အကျိုးပေး၏။
ပဉ္စမကုသိုလ်က ပဉ္စမစျာန်ဝိပါက်အကျိုးပေး၏။
အာကာသာနဉ္စာယတနကုသိုလ်က အာကာသာနဉ္စာယတနဝိပါက်အကျိုးပေး၏။
ဝိညာဏဉ္စာယတနကုသိုလ်က ဝိညာဏဉ္စာယတနဝိပါက်အကျိုးပေး၏။
အာကိဉ္စညာယတနကုသိုလ်က အာကိဉ္စညာယတနဝိပါက် အကျိုးပေး၏။
နေဝ–ကုသိုလ်က နေဝသညာနာသညာယတနဝိပါက်အကျိုးကို ပေး၏။
ဤသို့ မဟဂ္ဂုတ်ကုသိုလ်များ တူသောအကျိုးပေးသည်ကို "ဇနေတိ သဒိသံ ပါကံ"ဟု ခေါ်သည်။

**ဖောဋ္ဌဗ္ဗာရုံ–** အာပေါဓာတ်ကြဉ်သော ဘူတရုပ် ၃–ခုသည် ဖောဋ္ဌဗ္ဗာရုံမည်၏။
အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ။
**ဥတု–** သီတဥတု, ဥဏှဥတုဟု ဆိုအပ်သော တေဇောဓာတ်သည် ဥတုမည်၏။
သီတုဏှောတုသမညာတာ တေဇောဓာတု။

၅။ ပါဠိထင်ရှားပြီ။

၆။ အနက်ထင်ရှားပြီ။

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## သင်္ဂဟ ပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ ယဒါ ယော ဒေယျဓမ္မပဋိဂ္ဂါဟကာဒိသမ္ပတ္တိံ အညံ ဝါ သောမနဿဟေတုံ အာဂမ္မ ဟဋ္ဌပဟဋ္ဌော အတ္ထိ ဒိန္နန္တျာဒိ နယပ္ပဝတ္တံ သမ္မာဒိဋ္ဌိံ ပုရက္ခတွာ မုတ္တစာဂါဒိဝသေန အသံသီဒန္တော အနုဿာဟိတော ပရေဟိ ဒါနာဒီနိ ပုညာနိ ကရောတိ၊ တဒါဿ စိတ္တံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကံ ဟောတိ။
အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥပေက္ခာ။

ဒုတိယာ။ အနုတ္တရေ ဝိတက္က ဝိစာရ ပီတိ သုခသင်္ခါတာ ဈာနဓမ္မာ ဝိသေသကာ။
မဇ္ဈိမသင်္ခါတေ မဟဂ္ဂတစိတ္တေ ဈာနဓမ္မာ စေဝ အပ္ပမညာ စ ဝိသေသကာ။

ပရိတ္တသခ်ါတေသု ကာမာဝစရသောဘနေသု အပ္ပမညာယော စေဝ ဝိရတီဉာဏပီတိ စ ဝိသေသကာ။

ရူပါဝစရကုသလပဉ္စမဇ္ဈာနစိတ္တေသု ပဝတ္တော ပညာစေတသိကော အဘိညာနာမ။

တတိယာ။ သောမနဿသဟဂ္ဂတံ ဆဋ္ဌဒွါရိကံ ကေဝလကာမာဝစရာရမ္မဏံ။

ဝေါဋ္ဌဗ္ဗနံ ဆဒွါရိကံ သဗ္ဗထာပိ သဗ္ဗာရမ္မဏံ။

ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ (ဇဝနဿာပိ အနုပ္ပဇ္ဇနတော) ဝေါဋ္ဌဗ္ဗနံ ဒွတ္တိက္ခတ္တုံ ပဝတ္တတိ။

စတုတ္ထီ။ မဟဂ္ဂတကုသလံ အတ္တနာ သဒိသံ ဝိပါကံ ဇနေတိ။ တထာ ဟိ ပထမဇ္ဈာနကုသလံ ပထမဇ္ဈာနဝိပါကံ ဝိပစ္စတိ။ တထာ ဒုတိယာဒိရူပါဝစရကုသလာနိ စေဝ အရူပကုသလာနိ စ အတ္တနာ သဒိသာနေဝ ဝိပါကာနိ ဝိပစ္စတိ။

အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသခ်ါတံ ဖောဋ္ဌဗ္ဗံ ဖောဋ္ဌဗ္ဗာရမ္မဏံ နာမ။

(အထဝါ ပထဝီဓာတု တေဇောဓာတု ဝါယောဓာတု ဝသေန တီဏိ ဘူတရူပါနိ ဖောဋ္ဌဗ္ဗာရမ္မဏံ နာမ။)

သီတုဏှောတုသမညာတာ တေဇောဓာတု ဥတုနာမ။

ဆဋ္ဌီ။ လောကုတ္တရေ– လောကုတ္တရစိတ္တေ။ သဗ္ဗေ–သကလာ ဗောဓိပက္ခိယဓမ္မာ။ ဟောန္တိ–ဘဝန္တိ။ သင်္ကပ္ပပီတိယော–ဝိတက္ကစေတသိက ပီတိစေတသိကာ။ ဝါ လောကုတ္တရေ– ကိသ္မိဉ္စိ လောကုတ္တရစိတ္တေ။ န–န ဟောန္တိ။ လောကိယေပိ– လောကိယသောဘနစိတ္တေပိ။ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ– ဆန္နံ ဝိသုဒ္ဓီနံ ပဝတ္တိယံ (သတိ) ယထာယောဂံ–ယောဂါနုရူပံ။ ဟောန္တိ–ဘဝန္တိ။

* * * * *

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### မေးခွန်းလွှာ

၁။ အောက်ပါ (က) (ခ) ပုဒ်တို့၏အရကို သေချာစွာ ဖွင့်ပြပါ။ (ခန္ဓာစသည်ဖွဲ့ရန် မလို)

(က) ဝိပါကဓမ္မဓမ္မာ၊ (ခ) အသေက္ခာ ဓမ္မာ။

၂။ မဂ္ဂါရမ္မဏတိက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တို့ကို မှီး၍ အောက်ပါ (က) (ခ) တရားတို့ကို ဖော်ပြပါ။

(က) မဂ်ကို အာရုံမပြုနိုင်သောတရားများ၊

(ခ) ဗဟိဒ္ဓတရားကို ကေန်အာရုံပြုသောတရားများ၊

၃။ ပထမပုဒ်အရ အောက်ပါတရားအသီးသီးကို ကောက်ရသောဒုက်တို့၏ အမည်များကို ရေးပါ။

(က) လောဘ, ဒိဋ္ဌိ, မောဟ၊ (ခ) စေတသိက်– ၅၂၊ (ဂ) လောဘ, ဒိဋ္ဌိ၊

၄။ (က) ဥပေက္ခာသဟဂတဒုက် ပထမပုဒ်၌ ရနိုင်သောခန်, အာ, ဓာတ်, သစ်တို့ကို သချာမှု ရေး၍၊ (ခ) နိယတဒုက်ပထမပုဒ်အရ ဝိညာဏက္ခန္ဓာ ဖွဲ့နိုင်သော တရားစုကိုသာ ထုတ်ပြပါ။

၅။ သခ်ါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်ဖြင့်သာ ရေတွက်ရပြီးလျှင်၊ တရားကိုယ်တစ်ပါးတည်းဖြစ်လျက် ၄–ပါးပြားသောတရားတို့ကို ဖော်ပြ၍၊ အောက်ပါပုစ္ဆာပါဠိ၏ ဝိသဇ္ဇနာပါဠိကိုလည်း အနက်ပေးပါ။

ဣဒ္ဓိပါဒေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော။

၆။ တတိယနှင့်စတုတ္ထနယတို့၌ အဘယ်သို့သောတရားမျိုးကိုဟောပါသနည်း ရှင်းပြ၍၊ ပဉ္စမနယ နာမရူပ ပစ္စယာ သဠာယတနေန ယေ ဓမ္မာ စသည်၌ ဒုတိယ ယေ ဓမ္မာအရ အဖြေဝါကျ

ကို မှန်ကန်စွာ ရေးပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း ။ ။ မာတိကာ ဓာတုကထာဘာသာ
### အဖြေလွှာ

၁။ (က) အကုသိုလ်စိတ် ဒွါဒသ-ကုသိုလ်စိတ် ဧကဝီသ စေတသိက် ဒွေပညာသ။

(ခ) အရဟတ္တဖိုလ်– ၁၊ စေတသိက် ဆတ္တိံသ။

၂။ (က) မဂ်ကို အာရုံမပြုနေ အကုသိုလ်စိတ် ဒွါဒသ, မနောဒွါရာဝဇ္ဇန်းမှတစ်ပါး အဟိတ်စိတ် သတ္တရသ, မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄–ခု, မဟာဝိပါက်စိတ် ၈–ခု, မဟာကြိယာ ဉာဏဝိပ္ပယုတစိတ် ၄–ခု, အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် ၁၅–ခု, အရူပစိတ် ၁၂–ခု, ဖိုလ်စိတ် ၄–ခု, စေတသိက် ဒွေပညာသ (ရုပ်–နိဗ္ဗာန်)။

မှတ်ချက်။ ။ အနာရမ္မဏဖြစ်သော ရုပ်နှင့်နိဗ္ဗာန်တို့သည်လည်း မဂ်ကို အာရုံမပြု။

(ခ) **ဗဟိဒ္ဓကောန်**

ဗဟိဒ္ဓတရားကို မြဲသောအားဖြင့် အာရုံပြုသော အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် ၁၅–ခု, အာကာသာနဉ္စာယတနစိတ် ၃–ခု, လောကုတ္တရာစိတ် ၈–ခု, စေတသိက် အဋ္ဌတိံသ။

၃။ (က) အာသဝဒုက်, အာသဝ သာသဝဒုက်, အာသဝအာသဝသမ္ပယုတ္တဒုက်, ဩဃဒုက်, ဩဃဩဃနိယဒုက်. ဩဃဩဃသမ္ပယုတ္တဒုက်, ယောဂဒုက်, ယောဂယောဂနိယဒုက်,

ယောဂယောဂသမ္ပယုတ္တဒုက်။

(ခ) စေတသိကဒုက်, စိတ္တသမ္ပယုတ္တဒုက်, စိတ္တသံသဋ္ဌဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်။

(ဂ) ဥပါဒါနဒုက်, ဥပါဒါနဥပါဒါနိယဒုက်, ဥပါဒါနဥပါဒါနသမ္ပယုတ္တဒုက်။

၄။ (က) ခန်– ၃–ပါး, အာ– ၂–ပါး, ဓာတ်– ၇–ပါး, သစ္စာ– ၃–ပါး။

(ခ) အကုသိုလ်စိတ် ၆–ခု, မဂ်စိတ် ၄–ခု။

၅။ **တရားကိုယ် ၁–ပါးတည်းက ၄–ပါးပြားသော တရား–** သတိပဋ္ဌာန် သမ္မပ္ပဓာန်။

ဣဒ္ဓိပါဒေါ–ကို၊ ဒွိဟိ– ကုန်သော၊ အာယတနေဟိ– မနာယတန ဓမ္မာယတနတို့ဖြင့်၊ ဒွိဟိ– ကုန်သော၊ ဓာတူဟိ– မနောဝိညာဏဓာတ် ဓမ္မဓာတ်တို့ဖြင့်၊ သင်္ဂဟိတော– ရေတွက်အပ်၏။

၆။ **ဒုတိယနယ၌ ဟောသောတရား–** ခန္ဓာကွဲ, အာယတနတူ, ဓာတ်တူ တရားမျိုးကို ဟောပါသည်။

**စတုတ္ထနယ၌ ဟောသောတရား–** ခန္ဓာတူ, အာယတနတူ, ဓာတ်တူ တရားမျိုးကို ဟောပါသည်။

**ဒုတိယ ယေဓမ္မာအရ ဝိသဇ္ဇနာပါဠိ**

တီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကောယဓာတုယာ အသင်္ဂဟိတာ။

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
### မေးခွန်းလွှာ

၁။ ဆန္ဒ–ပါရိသုဒ္ဓိပေးရခြင်းတို့၏ အကျိုးကိုဖော်ပြပြီးလျှင်၊ စာရေး၍သိက္ခာချသော ရဟန်းအား သိက္ခာကျ၊ မကျ အကြောင်းပြ၍ ဖြေဆိုပါ။

၂။ ဒုတိယပါရာဇိကသိက္ခာပုဒ်အရ အာဏတ္တိက၊ အတ္ထသာဓက ခိုးခြင်းဖြစ်အောင် စေခိုင်းပုံနှင့် အဝိမာန ဖြစ်ပုံတို့ကို အဋ္ဌကထာအလိုကျ ထင်ရှားအောင် ဖော်ပြပါ။

၃။ အောက်ပါရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်သည်ကို ဖော်ပြပါ။

(က) မိမိအတွက် ငွေအလှူခံသောရဟန်း၊

(ခ) သံဃာသို့ညွတ်ပြီးသော မယ်တော်၏သင်္ကန်းကို မိမိအားလှူစေသောရဟန်း၊

(ဂ) သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်ရုံသော ရဟန်း၊

(ဃ) သံဃာသို့ ညွတ်ပြီးသောသင်္ကန်းကို ပုဂ္ဂိုလ်တစ်ဦးအား လှူစေသောရဟန်း၊

(င) ထိုင်နေသော အဂိလာနအား မိမိကရပ်လျက် တရားဟောသောရဟန်း၊

၄။ အောက်ပါပုဒ်တို့ကို ကျနစွာ အနက်ပေးပါ။

(က) ဥယျောဓိကာ (ခ) ဗလဂ္ဂ (ဂ) သေနာဗျူဟာ

(ဃ) အနီကဒဿနံ (င) ကဒ္ဒမံ

၅။ အဋ္ဌေပုရသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

၆။ အောက်ပါတို့ကို ပါတိမောက်လာသည့်အတိုင်း ဖြေဆိုပါ။

(က) ကိုယ်တိုင် မီးမွှေးမီးလှုံခြင်းကြောင့် အာပတ်မသင့်ခြင်းအကြောင်း၊

(ခ) နေလွဲသောအခါမပန်ကြားဘဲရွာတွင်းသို့ ဝင်ခြင်းကြောင့် အာပတ်မသင့်ခြင်းအကြောင်း၊

(ဂ) အခြားရဟန်းအား ကုက္ကုစ္စဖြစ်အောင် ပြောစေကာမူ ပြောသောရဟန်းအား အာပတ်မသင့်ခြင်းအကြောင်း၊

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
### အဖြေလွှာ

၁။ **ဆန္ဒ ပါရိသုဒ္ဓိ ပေးရကျိုး**

ဆန္ဒပေးခြင်းသည် သံဃာ၏သာလျှင် ဥပုသ်ပြုခြင်းကိစ္စနှင့် ကြွင်းသောကိစ္စအားလုံးကို ပြီးစေနိုင်ခြင်း အကျိုးရှိ၏၊ (မိမိ၏ ဥပုသ်ပြုခြင်းကိစ္စကို မပြီးစေနိုင်။)

ပါရိသုဒ္ဓိပေးခြင်းသည် မိမိ၏၄င်း, သံဃာ၏၄င်း ဥပုသ်ပြုခြင်းကိစ္စကို ပြီးစေခြင်းအကျိုးရှိ၏၊ (ကြွင်းသော သံဃကိစ္စကို မပြီးစေနိုင်။)

ဝစီပယောဂဖြင့် ချမှသာလျှင် သိက္ခာကျသောကြောင့် စာရေး၍ သိက္ခာချသော ရဟန်းအား သိက္ခာမကျပါ။

ဝစီဘေဒံ ကတွာ ဝါစသိက ပယောဂေနေဝ သိက္ခာပစ္စက္ခာနံ ဟောတိ၊ န အက္ခရလိခနံ ဝါ ဟတ္ထမုဒ္ဒါဒိဒဿနံ ဝါ ကာယပ္ပယောဂံ ကရောန္တဿ။ (ကခ်ါ)

၂။ **အာဏတ္တိက**

ထိုမည်သောသူ၏ ဘဏ္ဍာကို ခိုးလော့ဟု ချက်ချင်းခိုးဘို့ရာ စေခိုင်းခြင်းသည် အာဏတ္တိက ဖြစ်အောင် စေခိုင်းပုံမည်၏။

**အတ္ထသာဓက**

ထိုမည်သောသူ၏ ဘဏ္ဍာကို စွမ်းနိုင်သောအခါ ခိုးယူလောဟု နှောင်ခိုးနိုင်သောအခါ ခိုးဘိုံ့ရာစေခိုင်းခြင်းသည် အတ္ထသာဓကဖြစ်အောင် စေခိုင်းပုံမည်၏။

**အဓိမာန**

လက္ခဏာယာဉ် ၃–ပါးသို့တင်လျက် သင်္ခါရတို့ကို သုံးသပ်သောယောဂီပုဂ္ဂိုလ်အား ဖြစ်သော မရ–မရောက်သေးသည်၌ ရ၏ ရောက်၏ဟု မှတ်ထင်ခြင်းသည် အဓိမာန မည်၏။

တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တဿ အာရဒ္ဓ ဝိပဿကဿ အပတ္တေ ပတ္တသညိတာသင်္ခါတော အဓိမာနော ဥပ္ပဇ္ဇတိ။ (ကခ်ၤ)

၃။ (က) ရူပိယသိက္ခာပဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ခ) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဂ) ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဃ) ပရိဏာမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) ဌိတောနိသိန္နသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊

၄။ (က) ဥယျောဓိကံ– တက်၍ တက်၍ ထိုးပစ်ရာအရပ်သို့၊

(ခ) ဗလဂ္ဂံ– ရဲမက်ဗိုလ်ပါ ရေတွက်ရာအရပ်သို့၊

(ဂ) သေနာဗျူဟံ– စစ်ဆင်ရာအရပ်သို့၊

(ဃ) အနိကဒဿနံ– ဆင်တပ်, မြင်းတပ်, ရထားတပ်, လက်နက်စွဲသော ရဲမက်တပ်ကို ကြည့်ရှုခြင်းငှာ၊

(င) ကဒ္ဒမံ-- ရွှံ့ညွှန်ရောင်အဆင်းကို၊

၅။ ပါဠိထင်ရှားပြီ။

၆။ (က) သပိတ်ဖုတ်ခြင်း စသောအကြောင်း၊
(ခ) အဆောတလျင် ကျောင်းတခင်ပြုထိုက်သော အကြောင်း၊
(ဂ) ကုက္ကုစ္စဖြစ်စေလိုမှု မရှိခြင်း, အကျိုးစီးပွားကို လိုလားခြင်းတို့ဖြင့် ပြောဆိုခြင်း၊

* * * * *

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ ဆန္ဒဒါနံ သံဃဿေဝ ဥပေါသထကရဏတ္ထံ သေသကိစ္စတ္ထံ သမ္ဘာဒေတိ။ (အတ္တနော ပန ဥပေါသထကရဏံ န သမ္ပာဒေတိ)

ပါရိသုဒ္ဓိဒါနံ ပန သံဃဿာပိ အတ္တနောပိ ဥပေါသထကရဏံ သမ္ပာဒေတိ။ (န အဝသေသံ သံဃကိစ္စံ သမ္ပာဒေတိ)

ဝစီဘေဒံ ကတွာ ဝါစသိကပယောဂေနေဝ သိက္ခာပစ္စက္ခာနံ ဟောတိ။ တသ္မာ အက္ခရလိခနဝသေန (အက္ခရံ လိခိတွာ) သိက္ခာပစ္စက္ခန္တဿ အပစ္စက္ခာနံ နာမ ဟောတိ။

ဒုတိယာ။ အသုကဿ ဘိက္ခုံ အဝဟရာတိ အညံ အာဏာပေတိ၊ အယံ အာဏတ္တိကော နာမ။

အသုကဿ ဘိက္ခုံ ယဒါ သက္ကောတိ၊ တဒါ တံ အဝဟရာတိ အာဏာပေတိ၊ အယံ အတ္ထသာဓကော နာမ။

တိလက္ခဏ် အာရောပေတွာ သခ်ါရေ သမ္မသန္တဿ အာရဒ္ဓ ဝိပဿကဿ အပတ္တေ ပတ္တသညိတာသခ်ါတော အဓိမာနော ဥပ္ပဇ္ဇတိ။

တတိယာ။ (က) ရူပိယသိက္ခာပဒေန နိဿဂ္ဂိယ ပါစိတ္တိယာပတ္တိ ဟောတိ၊

(ခ) ပရိဏတသိက္ခာပဒေန နိဿဂ္ဂိယ ပါစိတ္တိယာပတ္တိ ဟောတိ၊

(ဂ) ဒုဗ္ဗဏ္ဏကရဏသိက္ခာပဒေန ပါစိတ္တိယာပတ္တိ၊

(ဃ) ပရိဏာမနသိက္ခာပဒေန ပါစိတ္တိယာပတ္တိ၊

(င) ဋ္ဌိတောနိသိန္န သိက္ခာပဒေန ဒုက္ကဋာပတ္တိ။

စတုတ္ထီ။ (က) ဥယျောဓိကံ- ဥဂ္ဂန္တွာ ဥဂ္ဂန္တွာ ယုဇ္ဈနဋ္ဌာနံ၊

(ခ) ဗလဂ္ဂံ- ဗလဂဏနဋ္ဌာနံ၊

(ဂ) သေနာဗျူဟံ- သေနာယ ဝိယူဟံ၊

(ဃ) အနီကဒဿနံ- အနီကဿ (ဟတ္ထာနီက အဿာနီက ရထာနီက ပတတ္တာနီကဿ) ဒဿနံ၊

(င) ကဒ္ဒမံ- ညြဒကံ ပလ္လကံ (ပက်ဝဏ္ဏာန္တိ အတ္တော)

ဆဋ္ဌီ။ (က) ပဒီပုဇ္ဇလနေန ဝါ ပတ္တစနာဒီသု ဇောတိကရဏေန ဝါ ဇဝရူပေန ပစ္စယေန အနာပတ္တိ။

(ခ) အစ္စာယိကကရဏီယေန ပစ္စယေန အနာပတ္တိ၊

(ဂ) ကုက္ကုစ္စံ အနုပ္ပါဒေတုကာမော ဟုတွာ ဝဒနေန စ ကေဝလံ ဟိတေသိတာယ တထာ ဝဒနေန စ အနာပတ္တိ။

* * * * *

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### မေးခွန်းလွှာ

၁။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၍၊ (ခ) ကို ပုဒ်စပ်ပြီးလျှင်၊ (ဂ) ကို ရုပ်ကျဉ်းမျှ တွက်ပြပါ။

(က) သကော၊ စိရပ္ပဝါသီ၊ ခွဿ၊

(ခ) ပစ္စတ္တံဓော၊ စက္ခုဥဒပါဒိ၊ ဗုဒ္ဓါနံသာသနံ၊

(ဂ) ပဋိသန္ထာရ ဝုတျဿ၊

၂။ သုဟိနာသုစ သုတ်၌ပါသော စ သဒ္ဒါ၏ အကျိုးပြပါဠိကို အပြည့်အစုံ ရေးသားပါ။

၃။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ။

ဂေါနဋ္ဌေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ၊

သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

၄။ ကာရကမဇ္ဈနှင့် နိပါတယောဂတို့၌ ပဉ္စမီဝိဘတ်သက်သော ဥဒါဟရဏ် ၂–ခုစီကို ထုတ်ပြပါ။

၅။ အောက်ပါတို့တွင် (က) ကို ပုဒ်–ပစ္စည်း၊ (ခ) ကိုဓာတ်–ဝိဘတ်၊ (ဂ) ကို ဓာတ်–ပစ္စည်း ခွဲပြပါ။

(က) ကပ္ပိ–စိတ္တော၊ (ခ) အလတ္ထ–အတ္ထိ၊ (ဂ) ပိတာ။

၆။ အက္ခရာတို့၏ ဖြစ်ကြောင်းကရိုဏ်းတို့ကို အမည်မျှဖော်ပြ၍၊ ဌာန်နှစ်ပါးစုံ၌ ဖြစ်ပေါ်သော အက္ခရာတို့ကိုလည်း ဖြစ်ရာ ဌာန်များနှင့်တကွ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### အဖြေလွှာ

၁။ (က) သယော၊ စိရံ + ပဝါသိံ၊ ခေါ + အဿ။

(ခ) ပစ္စတ္တဉာဝ၊ စက္ခုံဉဒပါဒိ၊ ဗုဒ္ဓါနုဿာသန်။

(ဂ) ပဋိသန္ဓာရ ဝုတ္တိ–အဿ တည်၊ ဝဏ္ဏော ယံ နဝါ ဖြင့် ဣ–ကို ယ–ပြု၊ ယ–အ သို့ကပ်၊ တ္တ–ယ သို့ကပ်၊ ဗျဉ္ဇနော စ ဝိသညောဂေါ ၌ စ ဖြင့် သဘောတူ အစဗျည်းတစ်လုံးကို ချေ၊ ပဋိသန္ဓာရဝုတျဿ ကား ပြီး၏။

၂။ ပါဠိထင်ရှားပြီ။

၃။ အနက်ထင်ရှားပြီ။

၄။ **ကာရကမဉ္ဇူ**

ဣတော ပက္ခသ္မာ ဝိဓျတိ မိဂံ လုဒ္ဒကော၊

ကောသာ ဝိဓျတိ ကုဉ္ဇရံ။

**နိပါတယောဂ**

ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ၊ တေ ဘိက္ခူ နာနာကုလာ ပဗ္ဗဇိတာ။

၅။ (က) ကပ္ပပုဒ်– ဏိပစ္စည်း၊ စိတ္တပုဒ်– ဏ ပစ္စည်း၊

(ခ) လဘဓာတ်–ဤဝိဘတ်၊ အသဓာတ်– တိဝိဘတ်၊

(ဂ) ပါဓာတ်– ရိတုပစ္စည်း၊

၆။ **ကရိုဏ်း**

(၁) ဓိဝှါမဇ္ဈ၊ (၂) ဓိဝေါပဂ္ဂ၊ (၃) ဓိဝှဂ္ဂ၊

(၄) သကဋ္ဌာန။

ဂ– ကတ္တုတာလုဋ္ဌာန်၊

ဃ– ကတ္တုသြဋ္ဌာန်၊

ဝ– ဒန္တသြဋ္ဌာန်။

* * * * *

## ၁၃၃၄ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## **သဒ္ဒပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ (က) သယေတိ စ, စိရံ + ပဝါသိံ တိ စ, ခေါ + အဿာတိ စ ပဒစ္ဆေဒေါ ကာတဗ္ဗော။

(ခ) ပစ္စတ္တညေဝါတိ စ, စက္ခုံ ဥဒပါဒီတိ စ, ဗုဒ္ဓါနုဿာသနန္တိ စ ပဒသန္ဓိ ကာတဗ္ဗော။ .

(ဂ) ပဋိသန္ထာရဝုတ္တိ + အဿာတိ ပဒစ္ဆေဒံ ကတွာ “ဣဝဏ္ဏော ယံ နဝါ”တိ သုတ္တေန ဣကာရဿ ယကာရာဒေသော၊ “ဗျဉ္ဇနော စ ဝိသညောဂေါ” တိ သုတ္တေ စသဒ္ဒေန တိဏ္ဏံ ဗျဉ္ဇနာနံ သရူပအာဒိဗျဉ္ဇနံ လောပံ ကတွာ ပဋိသန္ထာရဝုတျဿာတိ ရူပံ သိဇ္ဈတိ။

တတိယာ။ တရမာနာန်-နဒီ တရန္တာနံ။ ဂေါနံ- ဂေါဏာနံ။ ပုင်္ဂဝေါ- ပုင်္ဂမော ဥသဘော။ ဥဇုံ-အဝင်္ကံ၊ စေ ဂစ္ဆတိ၊ ယဒိ ဂမေတိ၊ နေတ္တေ-ပုင်္ဂဝေ၊ ဥဇုံ- အဝင်္ကံ၊ ဂတေ- ဂစ္ဆန္တေ၊ သတိ-သန္တေ၊ သဗ္ဗာ- အနဝသေသာ၊ ဂါဝီ- ဂါဝိယော၊ ဥဇုံ- အဝင်္ကံ၊ ယန္တိ- အနုဂစ္ဆန္တိ။

စတုတ္ထီ။ ကာရကမဇ္ဈေ ဥဒါဟရဏာနိ-

ဣတော ပက္ခသ္မာ ဝိမုတ္တိ မိဂံ လုဒ္ဒကော၊ ကောသာ ဝိမုတ္တိ ကုဥ္စရန္တိ။

နိပါတယောဂေ ဥဒါဝရဏာနိ ပန-

ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ၊ တေ ဘိက္ခူ နာနာ ကုလာ ပဗ္ဗဇိတာတိ။

ပဉ္စမီ။ (က) ကပ္ပပဒ ဏိပစ္စယော စ၊ စိတ္တပဒ ဏပစ္စယော စ ဟောန္တိ။

(ခ) လဘဓာတု ဤဝိဘတ္တိ စေဝ၊ အသဓာတု တိဝိဘတ္တိ စ။

(ဂ) ပါဓာတု ရိတုပစ္စယော။

ဆဋ္ဌီ။ အက္ခရာနံ ဥပ္ပတ္တိကာရဏသင်္ခါတာနံ ကရဏာနံ နာမာနိ ဇိဝှါမဇ္ဈ, ဇိဝှောပဂ္ဂ, ဇိဝှဂ္ဂ, သကဋ္ဌာနဝသေန စတုဗ္ဗိဓာနိ။

ဇကာရော ကဏ္ဍတာလုဋ္ဌာနေ ဇာယတိ။

ဩကာရော ကဏ္ဍဩဋ္ဌဋ္ဌာနေ ဇာယတိ။

ဝကာရော ဒန္တဩဋ္ဌဋ္ဌာနေ ဇာယတိ။

* * * * *

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

၁။ ပရမတ္ထနှင့် နိဗ္ဗာန်တို့၏သဘော အဓိပ္ပါယ်ကို ဋီကာလာသည့်အတိုင်း စုံလင်စွာ ဖော်ပြ၍၊ ဉာဏ်, ဒိဋ္ဌိတို့၏အထူးကို ရေးပါ။

၂။ မဟာကုသိုလ် စတုတ္ထစိတ်၌ တစ်ပြိုင်နက် အများဆုံးယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြ၍၊ ထိုစိတ်ကို ကိစ္စ ဒွါရ အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၃။ "စတုန္နံ ဝါရာနံ အာရမ္မဏဘူတာ"အရ ဆိုင်ရာဝါရနှင့် အာရုံတို့ကို တွဲဖက်ဖော်ပြပြီးလျှင်၊ တစ်ကြိမ်သာစောသောဇောတို့ကို သင်္ဂဟလာသမျှ ထုတ်ပြပါ။

၄။ ဒါန၏ တရားကိုယ်အရနှင့် ရူပဘုံ၌ မရကောင်းသော ကလာပ်စည်းတို့ကို ပြည့်စုံစွာ ရေတွက်ပြ၍၊ ကလာပါနံ ပရိစ္ဆေဒ လက္ခဏတ္တာ စသောဂါထာ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

၅။ လက္ခဏာရုပ်တို့ နကုတောစိသမုဋ္ဌာန်မည်ခြင်း၏ အကြောင်းပြဂါထာကို အနက်မှန်မှန် ပေးပါ။

၆။ သင်္ကပ္ပ ပဿဒ္ဓိ စ ။ ပ ။ ဝိဘာဂေါ ဌ ပေယျာလကို ဖော်ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### အဖြေလွှာ

၁။ **ပရမတ္ထ**

မဖောက်မပြန် မှန်ကန်တိမတ် မြတ်သောသဘောရှိသောကြောင့်လည်းကောင်း, မြတ်သောသဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သောကြောင့်လည်းကောင်း ပရမတ္ထမည်ပါသည်။

**နိဗ္ဗာန်**

ဘဝကြီး, ငယ် အသွယ်သွယ်ကို ချုပ်စပ်တတ်သော ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့်လည်းကောင်း, ရာဂစသား ၁၁-ပါးသော မီးတို့၏ ချုပ်ငြိမ်းကြောင်းဖြစ်သောကြောင့်လည်းကောင်း နိဗ္ဗာန်မည်ပါသည်။

**ဉာဏ်, ဒိဋ္ဌိ အထူး**

ဉာဏ်သည် အာရုံကို ဟုတ်မှန်သောအားဖြင့် သိတတ်၏၊ ဒိဋ္ဌိသည် ဟုတ်မှန်သောသဘော ကို စွန့်၍ မဟုတ်မှန်သောအားဖြင့် ယူတတ်၏၊ ဤကား အထူး။

ဉာဏဥ္စ အာရမ္မဏံ ယထာသဘာဝတော ဇာနာတိ၊ ဒိဋ္ဌိယထာသဘာဝံ ဝိဇဟိတွာ အယာထာဘာဝတော ဂဏှာတီတိ အယ မေတေသံ ဝိသေသော။ (ဋီ)

၂။ **အများဆုံးတစ်ပြိုင်နက်**

အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘနသာဓာရဏ စေတသိက် ၁၉-ပါး၊ ဝိရတီ အပ္ပမညာတို့တွင် တစ်ပါးပါး ပေါင်း ၃၃-ပါး။

၃။ **စတုန္နံ့ ဝါရာနံ အာရမ္မဏာဘူတာ**

၁။ တဒါရမ္မဏဝါရ အတိမဟန္တာရုံ၊
၂။ ဇဝနဝါရ မဟန္တာရုံ၊
၃။ ဝေါဋ္ဌဗ္ဗနဝါရ ပရိတ္တာရုံ၊
၄။ မောဃဝါရ အတိပရိတ္တာရုံ၊

**တစ်ကြိမ်သာစောသောဇောများ**

၁။ အာဒိကမ္မိကပုဂ္ဂိုလ်၏ မဟဂ္ဂုတ်ဇော၊
၂။ အဘိညာဉ်ဇော၊
၃။ မဂ်ဇော၊
၄။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော။

၄။ **ဒါနတရားကိုယ်**

အလောဘပြဓာန်းသော မဟာကုသိုလ် စေတနာသည် ဒါနမည်၏။
ဒီယတိ ဧတေနာတိ ဒါနံ၊ ပရိစ္စာဂစေတနာ။ (ဋီ)

**ရူပဘုံ၌ မရသောကလာပ်**

ဃာန, ဇိဝှာ, ကာယ, ဘာဝဒသကကလာပ် အာဟာရဇကလာပ်။

**ကလာပါနံ ပရိစ္ဆေဒလက္ခဏတ္တာ၏ အဓိပ္ပါယ်**

အာကာသဓာတ်သည် ကလာပ်တို့ကို ပိုင်းခြားကြောင်းမျှသာ ဖြစ်သောကြောင့် ကလာပ်၏ အင်္ဂါမဟုတ်ပါ။

လက္ခဏရုပ်တို့သည် ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းဟူသော အမှတ်အသားမျှသာ ဖြစ်သောကြောင့် ကလာပ်၏အင်္ဂါ မဖြစ်ပါ။

၅။ အနက်ထင်ရှားပြီ။

၆။ ပါဠိထင်ရှားပြီ။

* * * * *

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## **သင်္ဂဟ ပုစ္ဆာဖြေ ဝိသဇ္ဇနာ**

ပထမာ။ ပရမော ဥတ္တမော အဝိပရီတော အတ္ထော၊ ပရမဿ ဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော။

ဘဝါဘဝံ ဝိနနတော သံသိဗ္ဗနတော ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနံ။ နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိ အာဒိကောတိ နိဗ္ဗာနံ။

ဉာဏံ အာရမ္မဏံ ယထာသဘာဝတော ဇာနာတိ၊ ဒိဋ္ဌိယထာသဘာဝံ ဝိဇဟိတွာ အယထာဝတော ဂဏှာတီတိ အယမေတေသံ ဝိသေသော။

ဒုတိယာ။ တေရသ အညသမာနာ စေဝ

ဇွေနဝီသတိ သောဘနသာဓာရဏာ စ

ဝိရတိ အပ္ပမညာသု အညတရောစာတိ တေတ္တိံသ စေတသိကာ မဟာကုသလစတုတ္ထ

စိတ္တေ ဥက္ကံသကောဋိယာ ဧကတောဝ လဗ္ဘန္တိ။

တံ စိတ္တံ ဇဝနကိစ္စံ ဆဒွါရိကံ လောကိယာရမ္မဏံ ဟောတိ။

တတိယာ။ တဒါရမ္မဏဝါရံ အတိမဟန္တာရမ္မဏံ နာမ၊

ဇဝနဝါရံ မဟန္တာရမ္မဏံ နာမ၊

ဝေါဋ္ဌဗ္ဗနဝါရံ ပရိတ္တာရမ္မဏံ နာမ၊

မောဃဝါရံ အတိပရိတ္တာရမ္မဏံနာမာတိ ယောဇေတဗ္ဗံ။

အာဒိကမ္မိကဿ မဟဂ္ဂတဇဝနာနိ စေဝ အဘိညာဇဝနာနိ စ မဂ္ဂဇဝနာနိ စ နိရောဓသမာပတ္တိတော ဝုဋ္ဌာနကာလေ အနာဂါမိဖလအရဟတ္တဖလဇဝနာနိ စ ဧကဝါရမေဝ ဇဝန္တိ။

အလောဘပုဗ္ဗင်္ဂမာ မဟာကုသလစေတနာ ဒါနံနာမ။

စတုတ္ထီ။ ရူပလောကေ ဃာန ဇိဝှါ ကာယ ဘာဝဒသကကလာပါနိ စေဝ အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ။

အာကာသဓာတုယာ ကလာပါနံ ပရိစ္ဆေဒတ္တာ န ကလာပင်္ဂန္တိ ဝုစ္စတိ။

လက္ခဏရူပါနိပိ ကလာပါနံ လက္ခဏတ္တာ န ကလာပင်္ဂန္တိ ဝုစ္စတိ။

ပဉ္စမီ။ ကေဝလံ– အသမ္မိဿံ။ ဇာယမာနာဒိရူပါနံ– ဇာယမာနာဒီနံ နိပ္ဖန္နရူပါနံ။ သဘာဝတ္တာ ဟိ– သဘာဝတ္တာ ဧဝ (သဘာဝ ဘာဝတော ဧဝ) လက္ခဏာနိ– စတ္တာရိ လက္ခဏရူပါနိ။ ကေဟိစိ ပိ– ကေဟိစိ ပစ္စယေဟိပိ။ န ဇာယန္တိ– နုပ္ပဇ္ဇန္တိ။ (ဣတိ) ပကာသိတံ– ဒဿိတံ။

* * * * *

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### မေးခွန်းလွှာ

၁။ မဂ်စိတ်သည် ၄–ခုသာ ရှိပါလျက် "မဂ်စိတ္တုပ္ပါဒ် ၂၀–ခု" ရေတွက်ရသည်ကို ရှင်းလင်း၍၊ "အသံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ"ကို အနက်ပေးပြပါ။

၂။ ဥပါဒိန္နတိက်၊ သံကိလိဋ္ဌတိက်, ဟီနတိက်တို့၏ တတိယပုဒ်အရ ဖြစ်သင့်သော ခန်, အာ, ဓာတ်, သစ်တို့ကို သချာမှု ပြ၍၊ အောက်ပါတရားတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

(က) သောတာပန်တည်လျှင် မဖြစ်သောအကုသိုလ်များ၊

(ခ) သေသည် နောက်ဘဝ၌ ဇေန်အကျိုးပေးသည့် အကုသိုလ်များ။

၃။ အောက်ပါ ပေယျာလကို ဖော်ပြ၍၊ စူဠန္တရဒုက်အရ မျက်စိဖြင့် မသိမမြင်နိုင်သော တရားများကို ထုတ်ပြပါ။

"စူဠန္တရဒုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ (လ) ၆–ပါး အပြားရှိ၏။

၄။ စိတ်နှင့်တကွဖြစ်၍ စိတ်သို့အစဉ်လိုက်သော ရုပ်တရားကို ဖော်ပြပြီးလျှင်၊ အဇ္ဈတ္တိက ဓမ္မတို့၏ သရုပ်ကို ထုတ်ပြပါ။

၅။ ပဋိစ္စသမုပ္ပါဒ်ကို အင်္ဂါအားဖြင့်လည်းကောင်း, ဘေဒအားဖြင့်လည်းကောင်းရေတွက်၍၊ ဒုတိယနယ သပ္ပဋိဃနိဒ္ဒေသ ဝိသဇ္ဇနာ ပါဠိကိုသာ ရေးပြပါ။

၆။ အောက်ပါ ဓမ္မတို့၏ အရကို စတုတ္ထ, ပဥ္စမနယ ၂–မျိုးဖြင့် ခွဲခြားကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
## အဖြေလွှာ

၁။ မဂ်စိတ် ၄–ခု၌ စေတသိက် ၃၆–ခုယှဉ်၏၊ ထိုစေတသိက် ၃၆–ပါးထဲမှ မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရားကိုယ် ၈–ပါးနုတ် စေတသိက် ၂၈–ပါးကျန်၏။

ထိုတွင် မဂ်စိတ် ၄–ခုကို (အာရမ္မဏ ဝိဇာနနလက္ခဏာအားဖြင့် တူသောကြောင့်) တစ်ခုတည်းပြု၍ ထည့်ပါက မဂ်စိတ်တွဲပွါဒ် ၂၉–ခု ဖြစ်၏။

အသံကိလိဋ္ဌသံကိလေသိကာ– ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်, နှိပ်စပ်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာသာ ထိုက်ကုန်သော။ ဓမ္မာ နိဿတ္တ နိဇ္ဇီဝသဘာဝါ– တို့သည်၊ သံဝိဇ္ဇန္တိ–ကုန်၏။

၂။ **ဥပါဒိန္နတိက်–** ခန္ဓာ ၄–ပါး, အာယတန ၂–ပါး, ဓာတ် ၂–ပါး, သစ္စာ ၂–ပါး။
**သံကိလိဋ္ဌတိက်–** ခန္ဓာ ၄–ပါး, အာယတန ၂–ပါး, ဓာတ် ၂–ပါး, သစ္စာ ၂–ပါး။
**ဟီနတိက်–** ခန္ဓာ ၄–ပါး, အာယတန ၂–ပါး, ဓာတ် ၂–ပါး, သစ္စာ ၂–ပါး။

(က) သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု, ဝိစိကိစ္ဆာသဟဂုတ် ၁–ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဗာဝီသ။

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူဒွေ, ဒိဋ္ဌိ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ ရ၏။

(ခ) နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၈-ဝီသ။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ ရ၏။

၃။ စုူဠန္တရဒုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ အာဝသဂေါစ္ဆကကို ဟောတော်မူ၏။ ထိုအာသဝဂေါစ္ဆက၌လည်း-

၁။ အာသဝဒုက်၊

၂။ သာသဝဒုက်၊

၃။ အာသဝသမ္ပယုတ္တဒုက်၊

၄။ အာသဝ သာသဝဒုက်၊

၅။ အာသဝအာသဝသမ္ပယုတ္တဒုက်၊

၆။ အာသဝဝိပ္ပယုတ္တ သာသဝဒုက်အားဖြင့် ၆-ပါးအပြားရှိ၏။

## မျက်စိဖြင့် မသိမမြင်နိုင်သောတရား

စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရူပါရုံကြဉ်သော ရုပ်သတ္တဝီသ နိဗ္ဗာန်။

၄။ ဝိညတ်ဒွေဖြစ်သည်။

**အဇ္ဈတ္တိကဓမ္မများ-** စိတ်တစ်ခုယုတ်ကိုးဆယ် ပသာဒရုပ် ၅-ခု ဖြစ်သည်။

၅။ **အင်္ဂါအားဖြင့်သော်ကား–**

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ ဇရာ မရဏအားဖြင့် ၁၂–ပါး။

**ဘေဒအားဖြင့်–**

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသအားဖြင့် ၁၈–ပါး။

သပ္ပဋိဃေဟိဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ (တေဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိဓာတူဟိ အသင်္ဂဟိတာ) တေဓမ္မာ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၆။ သမုဒယသစ္စေန ယေဓမ္မာ။

**စတုတ္ထနယ–** သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉–ခု။

**ပဉ္စမနယ–** ဩဠာရိကရုပ် ဒွါဒသ ဝိညာဏက္ခန္ဓာ။

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

### မေးခွန်းလွှာ

၁။ ဥပေါသထောအရ တစ်နှစ်အတွင်း ရသင့်သော ရိုးရိုးစာတုဒ္ဒသီ ဥပုသ်နေ့များကို ရေတွက်ပြီးလျှင်၊ သာမဂ္ဂီဥပုသ်၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

၂။ မေထုန ဓမ္မ သိက္ခာပုဒ်၏ အင်္ဂါကိုရေး၍၊ မေထုနရာဂဖြင့် မာတုဂါမကို သုံးသပ်ရာ၌ သင့်သော အာပတ်ကိုလည်း ဖော်ပြပါ။

၃။ အတ္တကာမပါရိစရိယသိက္ခာပုဒ်လာ မိမိအတွက် ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးပြောဆိုပုံကို မြန်မာစကားပြေသက်သက် ရေးပြပါ။

၄။ အနိယတသိက္ခာပုဒ်တို့၌လာသော သဒ္ဓေယျဝစသာ ယုံကြည်ထိုက်သော စကားရှိသူဟူသည် မည်သို့သောသူကို ဆိုလိုပါသနည်း သိသာရုံရေး၍၊ ၎င်းပထမသိက္ခာပုဒ်လာ ရဟောအရ စက္ခုသောတ ရဟနှစ်မျိုးတို့တွင် မည်သည့်ရဟာဖြစ်ကြောင်း အထောက်ပြ၍ ဖြေဆိုပါ။

၅။ နိသီဒနသန္ထတသိက္ခာပုဒ်နှင့် နိသီဒနသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။

၆။ အောက်ပါသိက္ခာပုဒ်တို့ကို အနက်သမ္ဗန်ပါ။

(က) သူစိဃရသိက္ခာပုဒ်၊

(ခ) သာမိသသိက္ခာပုဒ်၊

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
## အဖြေလွှာ

၁။ **ရိုးရိုးစာတုဒ္ဒသီ ဥပုသ်နေ့များ**

ကူး–ယုန်–ခေါင်–ကျွတ်–နတ်–တွဲ ဟူသော မစုံခြောက်လ၏ လကွယ်ဥပုသ်နေ့များသည် စာတုဒ္ဒသီ ၆–ဥပုသ်မည်၏။

**သာမဂ္ဂီဥပုသ်**

ကွဲပြားနေသော သံဃာတို့ ညီညွတ်သောနေ့၌ ပြုအပ်သော ဥပုသ်သည် သာမဂ္ဂီဥပုသ်မည်၏။

၂။ (၁) မှီဝဲလိုသောစိတ်ရှိခြင်း၊

(၂) မဂ်တစ်ခုဖြင့် မဂ်တစ်ခုသို့ သွင်းခြင်း၊

ဒုက္ကဋ်။

၃။ **မြန်မာပြန်**

နှမ– သီလရှိသော ကောင်းသော အကျင့်တရားရှိသော မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ငါကဲ့သို့သော သူကို ဤမေထုန်အကျင့်ဖြင့် လုပ်ကျွေးသောမိန်းမသည် လုပ်ကျွေးခြင်းတကာတို့ထက် အမြတ်ဆုံးဖြစ်၏။

၄။ **သဒ္ဓေယျဝစသာ–** ယုံကြည်ထိုက်သောစကားရှိသူဟူသည် အရိယာဥပါသိကာမကို ဆိုလိုသည်။

ရဟောအရ– ရဟောပဋိစ္ဆန္နေ အာသနေ အလံကမ္မနိယေ ကိုထောက်၍ စက္ခုရဟောကို ယူရမည်။

၅။ ပါဠိထွင်ရှားပြီ။

၆။ အနက်ထင်ရှားပြီ။

* * * * *

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ စိတ္တာ ဓေဝ္ဒ သဝဏ္ဏ အဿယုဇ မာဂသိရ မာဃ မာသာနံ ဆ ကာဠပက္ခ စာတုဒ္ဒသီဒိဝသာ ပကတိစာရိတ္တစာတုဒ္ဒသီ ဥပေါသထာနာမ။

ဌပေတွာ စာတုဒ္ဒသပန္နရသေ ဘိန္နေဿ သံဃဿ သမဂ္ဂဘာဝံ ပတ္တဒိဝသေ ကာတဗ္ဗော ဥပေါသထော သာမဂ္ဂီဥပေါသထောနာမ။

ဒုတိယာ။ မေထုနဓမ္မသိက္ခာပဒေ ဒွေ အင်္ဂါနိ သေဝနစိတ္တဉ္စ, မဂ္ဂေန မဂ္ဂပဋိပါဒနဉ္စာတိ။ မေထုနရာဂေန ပရာမသန္တဿ ဒုက္ကဋာပတ္တိ။

တတိယာ။ ဘဂိနီ သီလဝန္တံ့ ကလျာဏဓမ္မံ့ ဖြဟ္မစာရိံ မာဒိသံ ဇာတေန မေထုနဓမ္မေန ပါရိစရိန္တိယာ ဣတ္ထိယာ သာ ပါရိစရိယာ သဗ္ဗေသံ ပါရိစရိယာနံ အဂ္ဂါ ဟောတိ။

စတုတ္ထီ။ အရိယသာဝိကာ သဒ္ဓေယျဝစသာ နာမ။
"ရဟော ပဋိစ္ဆန္နေ အလံကမ္မနိယေ" တိ ပါဠိ ဥပနိတာယ စကျွရဟော အဓိပ္ပေတော။

ဆဋ္ဌီ။ (က) ယော ပန ဘိက္ခု – ယာဒိသော သမဏော။ အဠမယံ ဝါ– အဋ္ဌနာ နိဗ္ဗတ္တံ စ (သိဒ္ဓံ စ)။ ဒန္တမယံ ဝါ– ဒန္တေန နိဗ္ဗတ္တံ စ။ ဝိသာဏမယံ ဝါ– ဝိသာဏေန နိဗ္ဗတ္တံ စ။ သူစိဃရံ – သူစိတုမ္ဗံ (သူစိနာဠိကံ)။ ကာရာပေယျ– ကာရေယျ။ (တဿ ဘိက္ခုနော) ဘေဒနကံ– သူစိဃရဘေဒနဝန္တံ။ ပါစိတ္တိယံ– ပါစိတ္တိယာပတ္တိ။ (ဟောတိ)
(ခ) သာမိသေန– ပိဏ္ဍပါတာဒိနာ အာမိသေန သဒ္ဓိံ ပဝတ္တေန။ ဟတ္ထေန– ကရေန။ ပါနီယထာလကံ– ပါနီယပတ္တံ။ န ပဋိဂ္ဂဟေဿာမိ– န ဂဏှိဿာမိ။ ဣတိ–ဇဝံ။ သိက္ခာ– ဥဂ္ဂဟဏစရဏာယုတ္တံ။ ကရဏီယာ– ကာတဗ္ဗာ။

* * * * *

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### မေးခွန်းလွှာ

၁။ အောက်ပါတို့တွင် (က) ကိုပုဒ်ဖြတ်၍ (ခ) ကိုပုဒ်စပ်ပြပြီးလျှင် (ဂ) ကို ရုပ်ကျဉ်းမျှ တွက်ပြပါ။
(က) အဝံသိရော၊ ပုပ္ဖံသာ၊ ပစ္စေဿတိ၊
(ခ) ဝိဒူနံ အဂ္ဂံ၊ ဆ အာယတနံ၊ ယတြ ဋ္ဌိတံ၊
(ဂ) တျာဿ။

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၂။ အကမ္မန္တသဿ စ သုတ်၌ ပါသော စ သဒ္ဒါ၏ အကျိုးပြပါဠိကို အပြည့်အစုံ ရေးသားပါ။

၃။ အောက်ပါဂါထာကို အနက်ယောဇနာပါ။

သဗ္ဗိရေဝ သမာသေထ၊ သဗ္ဗိ ကုဗ္ဗေထ သန္ထဝံ၊

သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ န ပါပိယော။

၄။ "ဝိဘတ်တစ်ချက် အနက်ဆယ်ထွေ" ဆိုသည့်စကားရှိသော်လည်း တတိယာဝိဘတ် သက်နိုင်သော အနက်ငါးမျိုးမျှကိုသာ ဥဒါဟရုဏ်တစ်ခုစီနှင့်တကွ ဖော်ပြပါ။

၅။ အောက်ပါတို့တွင် (က) ကိုပုဒ် ပစ္စည်း၊ (ခ) ကို ဓာတ် ဝိဘတ်၊ (ဂ) ကို ဓာတ် ပစ္စည်း ခွဲပြပါ။

(က) သာမဏေရော၊ မာယော၊ (ခ) နာယတိ–အာဟ၊ (ဂ) ပဂ္ဂယှ။

၆။ ကာလခြားခြင်းနှင့် ဝဏ္ဏခြားခြင်းတို့၏ အထူးကို ဖော်ပြ၍ အောက်ပါပြယုဂ်တို့၌ သန္ဓိ မဖြစ်နိုင်ခြင်း၏ အကြောင်းကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

(က) ယဒါ ပညာယ ပဿတိ အထ နိဗ္ဗိန္ဒတိ။

(ခ) သကိံ ဧဝ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### အဖြေလွှာ

၁။ (က) အဝသိရော၊ ပုပ္ဖံ + အဿာ၊ ဝိဇ္ဇာသတိ၊

(ခ) ဝိဒ္ဒူနဂ္ဂံ၊ သဥ္ဥာယတနံ၊ ယတြဒ္ဒိတံ၊

(ဂ) တေ + အဿ တည်၊ ယမေဒန္တသာ ဒေသော ဖြင့် ဇ–ကို ယ–ပြု၊ တတိယ ပိုင်း ဒီဃံ ဖြင့် အ–ကို အာဒီဃ ပြု၊ ကပ် တျာသ ပြီး၏။

၂။ ပါဠိထင်ရှားပြီ။

၃။ အနက်ထင်ရှားပြီ။

၄။ **ကရိုဏ်းအနက်** (အဂ္ဂိနာ ကုဋိံ ဈာပေတိ)
**သဟာဒိယောဂအနက်** (သဟာပိ ဂင်္ဂေန သံယော)
**ကတ္တားအနက်** (အဟိနာ ဒဋ္ဌော နရော)
**ဟိတ်အနက်** (အန္နေန ဝသတိ)
**သတ္တမီအနက်** (တေန ကာလေန)

၅။ (က) သမဏပုဒ် ဏောရ ပစ္စည်း၊ မဃပုဒ် ဏ ပစ္စည်း၊

(ခ) ဉာဏတ် တိဝိဘတ်၊ ဗြူဓာတ် အ ဝိဘတ်၊

(ဂ) ပပုဗ္ဗ ဂဟဓာတ် တုန ပစ္စည်း။

၆။ **ကာလ ဝဏ္ဏခြားနားခြင်းအထူး**

ဂါထာတို့၌ ဒုတိယပါဒ၏ အဆုံးနှင့် တတိယပါဒ၏အစသည် ကာလခြားသည်မည်၏။ နိဂ္ဂဟိတ်ခြားခြင်းသည် ဝဏ္ဏခြားသည် မည်၏၊ ဤသို့ ထူးသည်။

(က) ပဿတိ၌- တိ-ဟူသော ဒုတိယပါဒ၏ အဆုံးနှင့် အထ-၌ အ-ဟူသော တတိယပါဒ၏ အစသည် ကာလခြားသောကြောင့် ပဿတျထဟု သန္ဓိမဖြစ်။

(ခ) သကိံ ဧဝ ဟူသောပြယုဂ်၌ နိဂ္ဂဟိတ်တည်းဟူသော ဝဏ္ဏခြားခြင်းကြောင့် သကေဝဟု သန္ဓိမဖြစ်။

* * * * *

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## သဒ္ဒပဋ္ဌာယ ဝိသဇ္ဇနာ

ပထမာ။ (က) အဝ + သိရေတိ စ, ပုပ္ဖံ + အဿာတိ စ, ဝိစ္စေသာဿတိ စ ပဒစ္ဆေဒေါ ကာတဗ္ဗော။

(ခ) ဝိဒူနဂ္ဂန္တိ စ, သဥ္ဇာယတနန္တိ စ, ယတြဋ္ဌိတန္တိ စ, ပဒသမ္ဗန္ဓော ကာတဗ္ဗော။

(ဂ) တေ + အဿာတိ ပဒစ္ဆေဒံ ကတွာ "ယမေဒန္တဿာဒေသော"တိ သုတ္တေန ဧဒန္တဿ ယကာရာဒေသော၊ တတိယကပ္ပေ အာဂတေန ဒီဃန္တိ သုတ္တေန အာဒီဃံ ကတွာ ပရက္ခရံ နေတွာ တျဿာတိ ရူပံ သိဇ္ဈတိ။

တတိယာ။ သဗ္ဗိရေဝ- သပ္ပုရိသေဟိ ဧဝ၊ သမာသေထ- သန္ထဝံ ကုဗ္ဗေထ၊ သဗ္ဘိ- သပ္ပုရိသေဟိ၊ သန္ထဝံ- သေဝနံဘဇနံ၊ ကုဗ္ဗေထ- ကြုဗ္ဗေထ၊ သတံ- သပ္ပုရိသာနံ၊ သဒ္ဓမ္မံ- သပ္ပုရိသာနံ-

ဓမ္မံ၊ အညာယ– ဇာနိတွာ၊ သေယျော– သေဋ္ဌော၊ ဟောတိ– ဘဝတိ၊ ပါပိယော– ပါပတရော၊ န ဟောတိ– န ဘဝတိ။

စတုတ္ထီ။ ကရဏာတွေ– အဂ္ဂိနာ ကုဋိံ ဈာပေတိ။
သဟာဒိယောဂတွေ– သဟာယေန သမံ မိတာတိ။
ကတ္တရိ– အဟိနာ ဒဋ္ဌော နရောတိ။
ဟေတွတ္ထေ– အန္နေန ဝသတိတိ။
သတ္တမျတ္ထေ– တေန ကာလေနာတိ။

ပဉ္စမီ။ (က) သာမဏေရောတိ ဧတ္ထ သမဏာပဒ ဏေရပစ္စယာ ဟောန္တိ။
မာဃောတိ ဧတ္ထ မဃပဒ ဏပစ္စယာ။
(ခ) နာယတိတိ ဧတ္ထ ဉာဓာတု တိဝိဘတ္တိယော။
အာဟာတိ ဧတ္ထ ဗြူဓာတု အဝိဘတ္တိယော။
(ဂ) ပပုဗ္ဗဂဟဓာတု တုနပစ္စယာ။

ဆဋ္ဌီ။ ကာလဝဏ္ဏာဗျဝဓာနနာန် ဝိသေသော–
ဂါထာသု ဒုတိယပါဒဿ ပရိယောသာနံ စ, တတိယပါဒါဒိ စ (ဧတ္တန္တရေ) ကာလဗျဝဓာနံ နာမ။
နိဂ္ဂဟီတဗျဝဓာနံ ဝဏ္ဏာဗျဝဓာနံ နာမ။
(က) ပဿတိတိ ဧတ္ထ ဘိတိ ဒုတိယပါဒန္တော စ အထာတိ ဧတ္ထ အက္ခတိ တတိယပါဒါဒိ စ ကာလဗျဝဓာနတော ပဿတျထာတိ သန္ဓိ န ဟောတိ။
(ခ) သကိံ ဧဝါတိ ပယောဂေ နိဂ္ဂဟီတသင်္ခါတဝဏ္ဏာဗျဝဓာနတော သကေဝါတိ သန္ဓိ န ဟောတိ။

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

၁။ ရဟန္တာသန္တာန်၌သာဖြစ်သော အသောဘဏစိတ်ကို ဖော်ထုတ်၍၊ ၎င်းနှင့်ယှဉ်သော စေတသိက်၊ ဝေဒနာ ဟိတ် ကိစ္စ ဒွါရ အာရုံ ဝတ္ထုတို့ကိုလည်း အသီးသီးပြဆိုပါ။

၂။ ဝိရတီစေတသိက်တို့သည် အဘယ်အကြောင်းကြောင့် လောကုတ္တရာစိတ်တို့၌ အမြဲယှဉ်၍ မဟာကုသိုလ်စိတ်တို့၌ ရံခါ ယှဉ်ကြပါသနည်း။

၃။ (က) ဥပေက္ခာ မဟာကြိယာ ဉာဏသမ္ပယုတ် ဇောနှစ်ခု နှောင် ဇောနိုင်သည့် အပ္ပနာဇောများနှင့် (ခ) ပါကကာလကံများ၏ သရုပ်ကိုဖော်ပြပါ။

၄။ ဇေကဇ, ဒွိဇ, တိဇ, စတုဇရုပ်များကို အသီးသီးကောက်ပြပြီးလျှင်၊ ဇေဂွတာပါဝင်သည့် ဗောဓိပက္ခိယ ဌာနတို့ကိုလည်း အမည်ဖော်၍ ဖြေဆိုပါ။

၅။ ဝင့်သုံးပါးပြ ပစ္စယသင်္ဂဟ ပါဠိသာက်သက်ကို ဆုံးအောင် ရေးသားပါ။

၆။ ကလာပ်လက္ခဏာပြ ပါဠိမှ သဟဝုတ္တိနော တစ်ပုဒ်ကိုသာ နိသျနည်း ကျကျအနက်ပေးပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### အဖြေလွှာ

၁။ ဟသိတုပ္ပါဒ်စိတ်ဖြစ်သည်။

ငင်းသည် ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂-ပါး၊ သောမနဿဝေဒနာ, အဟိတ်, ဇော ကိစ္စ ၆-ဒွါရ၊ ကာမဇာနိအာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီသည်။

၂။ မဂ်သည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ဖြတ်သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း၊ ဖိုလ်သည်လည်း ထိုမဂ်အားလျော်စွာ ဖြစ်သောကြောင့်လည်းကောင်း ဝိရတီတို့သည် လောကုတ္တရာစိတ်၌ အမြဲယှဉ်ပါသည်။

မဂ္ဂဿ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန ဖလဿ စ တဒနုကူလဝသေန ပဝတ္တနတော။ (ဋီ)

မဟာကုသိုလ်သည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ မဖြတ်နိုင်၊ တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့်သာ ပယ်နိုင်သောကြောင့် မဟာကုသိုလ်စိတ်တို့၌ ရံခါယှဉ်ပါသည်။

၃။ (က) မဟဂ္ဂုတ် ဥပေက္ခာ ကြိယာဇော ၅-ခု၊
အရဟတ္တဖိုလ် ဥပေက္ခာ ၁-ခု၊
ပေါင်း ၆-ခု။

(ခ) ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ, အဟောသိကံ အားဖြင့် ၄-ပါး။

၄။ **ကောဇရုပ်–** ဟဒယရုပ်, ဣန္ဒြိယရုပ် ၈–ပါး, ဝိညတ်ရုပ် ၂–ပါး ပေါင်း ၁၁–ပါး။
**ဒွိဇရုပ်–** သဒ္ဒရုပ် ၁–ပါး။
**တိဇရုပ်–** လဟုတာ, မုဒုတာ, ကမ္မညတာ ပေါင်း ၃–ပါး။
**စတုဇရုပ်–** အဝိနိဗ္ဘောဂရုပ် ၈–ပါး, အာကာသဓာတ် ပေါင်း ၉–ပါး။

**သမာဓိဌာန**

၁။ သမာဓိခြေ၊ ၂။ သမာဓိဗိုလ်၊ ၃။ သမာဓိသမ္ဗောဇ္ဈင်၊
၄။ သမ္မာသမာဓိမဂ္ဂင် ပေါင်း ၄–ဌာန။

၅။ ပါဠိထင်ရှားပြီ။

၆။ သဟဝုတ္တိနော– တကွဖြစ်ခြင်းရှိကုန်သော (ဝါ) အသီးအသီးကလာပ်ဖွဲ့တည်သော ရုပ်၏အစွမ်းဖြင့် တကွဖြစ်ကုန်သော။

* * * * *

## ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## **သင်္ဂဟ ပုစ္ဆာယ ဝိသဇ္ဇနာ**

ပထမာ။ ဟသနစိတ္တံ အရဟန္တသန္တာနေယေဝ ပဝတ္တတိ။

တံ ဟသနစိတ္တံ ဒွါဒသဟိ ဆန္ဒဝဇ္ဇိတအညသ မာန စေတသိကေဟိ သမ္ပယုတ္တံ။

တံ ဟသနစိတ္တံ – ဝေဒနာဝသေန သောမနဿသဟဂတံ၊ ဟေတုဝသေန အဟေတုကံ၊ ကိစ္စဝသေန ဇဝနကိစ္စံ၊ ဒွါရဝသေန ဆဒွါရိကံ၊ အာရမ္မဏဝသေန ကာမာဝစရာရမ္မဏမေဝ၊

ဝတ္ထုဝသေန ဟဒယံ နိဿာယေဝ ပဝတ္တတိ။

ဒုတိယာ။ မဂ္ဂဿ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန ဖလဿ စ တဒနုကူလဝသေန ပဝတ္တနတော တိဿော ဝိရတိယော လောကုတ္တရစိတ္တေ နိယတာဝ ဥပ္ပဇ္ဇန္တိ။

မဟာကုသလဿ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန အပဝတ္တနတော တဒင်္ဂပဟာနဝသေနေဝ ပဝတ္တနတော စ မဟာကုသလစိတ္တေ ကဒါစိ ဥပ္ပဇ္ဇန္တိ။

တတိယာ။ (က) ပဉ္စ ဥပေက္ခာသဟဂတ မဟဂ္ဂတကြိယဇဝနာနိ စေဝ ဇေကံ ဥပေက္ခာသဟဂတ အရဟတ္တဖလ ဇဝနဉ္စာတိ ဆ အပ္ပနာဇဝနာနိ သမ္ဘောန္တိ။

(ခ) ဒိဋ္ဌဓမ္မဝေဒနီယံ ဥပပဇ္ဇဝေဒနီယံ အပရာပရိယဝေဒနီယံ အဟောသိကမ္မဉ္စေတိ ပါကကာလဝသေန စတ္တာရိ ကမ္မာနိ နာမ။

စတုတ္ထီ။ ဟဒယ ဣန္ဒြိယ ရူပါနိ စေဝ ဝိညတ္တိဒွယဉ္စေတိ ဒသ ဧကဇရူပါနိ ဟောန္တိ။

သဒ္ဒရူပံ ဒွိဇရူပံ ဟောတိ။

လဟုတာ မုဒုတာ ကမ္မညတာဝသေန တီဏိ တိဇရူပါနိ ဟောန္တိ။

အဋ္ဌ အဝိနိဗ္ဘောဂရူပါနိစေဝ အာကာသဓာတု စာတိ နဝ စတုဇရူပါနိ ဟောန္တိ။

ဧကဂ္ဂတာ သမာဓိန္ဒြိယ သမာဓိဗလ သမာဓိသမ္ဗောဇ္ဈင်္ဂ သမ္မာသမာဓိမဂ္ဂင်္ဂဝသေန စတူသု ဌာနေသု ဥပ္ပဇ္ဇတိ။

ဆဋ္ဌီ။ သဟဝုတ္တိနော– သဟပ္ပဝတ္တိနော။ (အထဝါ) ဝိသုံ ဝိသုံ ကလာပဂတရူပဝသေန သမာနဝုတ္တိနော။

* * * * *

# ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### မေးခွန်းလွှာ

၁။ ဒါနပါရမီကို အယုတ်, အလတ်, အမြတ် သုံးမျိုးကောက်ပြ၍ အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာကို အနက်ပေးပြပါ။

၂။ မင်္ဂလေးပါးဖြင့် မပယ်အပ်သော တရားများကို ဖော်ပြ၍ တိကမာတိကာနောက်ဆုံးပုဒ် ၏ ခန်, အာ, ဓာတ်, သစ်ကို သချာမှု ဖော်ပြပါ။

၃။ အောက်ပါ ပုဒ်များကို အရကောက်ပြပါ။

(က) အနိဒဿနာ ဓမ္မာ၊

(ခ) အပ္ပဋိဃာ ဓမ္မာ၊

၄။ ထိုဂုစ္ဆကေါစ္ဆကဌလည်း (ပ) ၂-ပါးအပြားရှိ၏ ၌ ပေယျာလကိုဖော်ပြ၍ စိတ်ကြောင့် ဖြစ်သော နာမ်တရားများကို ကောက်ပြပါ။

၅။ (က) သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊

(ခ) ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ၊

မာတိကာပါဋ္ဌိသည် အဘယ်နယမာတိကာ ဖြစ်သည်ကို ဖော်ပြ၍ တတိယနယ ဖဿသတ္တကရာ သိနိဒ္ဒေသ၌ ဟောအပ်သော တရားများကို ထုတ်ပြပါ။

၆။ တတိယနယ ဓိဝိတိန္ဒြေ ဝိသဇ္ဇနာပါဋ္ဌိကို ရေးပြ၍ သုခိန္ဒြိယေန ယေဓမ္မာ ၌ ယေဓမ္မာ ၏ အရကို တ-စ-နယအလိုက် ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၃၆ (၁၉၇၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### အဖြေလွှာ

၁။ **အယုတ်ဒါနပါရမီ–** ရွှေ, ငွေ, ဆင်, မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော ဒါနပါရမီ။

**အလတ်ဒါနပါရမီ–** ခြေ, လက်, နား, နှာခေါင်း အစရှိသည်ကို လှူခြင်းတည်းဟူသော ဒါနဥပပါရမီ။

**အမြတ်ဒါနပါရမီ–** ကိုယ်အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ။

အနက်ထင်ရှားပြီ။

၂။ **မဂ်လေးပါးဖြင့် မပယ်အပ်သောတရား**

(က) ကုသိုလ်စိတ် ၈ ဝီသ, ဝိပါက်စိတ် ဆတ္တိံ သ, ကြိယာစိတ် ဝီသ, စေတသိက် အဋ္ဌတိံ သ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်။

(ခ) ခန်– ၅၊ အာ– ၂၊ ဓာတ်– ၈၊ သစ္စာ– ၄။

၃။ (က) စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရူပါရုံကြဉ် ရုပ်သတ္တဝီသ နိဗ္ဗာန် ရ၏။

(ခ) စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ သုခုမရုပ် သောဠသ နိဗ္ဗာန် ရ၏။

၄။ ပေယျာလ ထင်ရှားပြီ။

**စိတ်ကြောင့်ဖြစ်သော နာမ်ဟူရား–** စေတသိက် ဒွေပညာသ။

၅။ (က) ဇောဒသမနယမာတိကာ ပါဠိဖြစ်ပါသည်။

(ခ) စုဒ္ဒသမနယမာတိကာ ပါဠိဖြစ်ပါသည်။

တတိယနယ– ဖဿသတ္တကရာသိနှင့်ဒွေသဥ္စဲ ဟောအပ်သောတရား– ဖဿ, ဝေဒနာ, သညာ, စေတနာ, အဓိမောက္ခ, မနသိကာရ ၆–ပါး။

၆။ ဓိဝိတိန္ဒြိယေန ယေဝမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ (တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ) တေ ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ ဒွိဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယဓာတုယာ သင်္ဂဟိတာ။

သုခိန္ဒြိယေန ယေဓမ္မာ–

**တတိယနယ –** သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်။

**စတုတ္ထနယ–** သုခိန္ဒြေကြဥ်သော ဝေဒနိန္ဒြေ ၄–ပါး။

⌨ ⌨ ⌨ ⌨

# ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

မေးခွန်းလွှာ

၁။ ယာဝတိကာစ ဘိက္ခု ကမ္မပတ္တာ၌ ကမ္မပတ္တဖြစ်နိုင်သော ယာဝတိက ဘိက္ခုအရေအတွက်ကို ဖော်ပြ၍၊ ကပတတ်ဟု ခေါ်ရခြင်းကိုလည်း ဖြေဆိုခဲ့ပါ။

၂။ ဒုတိယပါရာဇိက သိက္ခာပုဒ် အဒိန္န ထေယျသင်္ခါတ၌ (က) အဒိန္န၊ (ခ) ထေယျ၊ (ဂ) ထေယျသင်္ခါတတို့၏ အရကို ဖော်ပြပါ။

၃။ အနိယတသိက္ခာပုဒ်၌ အနိယတဖြစ်ပုံကို သိသာရုံဖော်ပြပြီးလျှင်၊ ဥိနဝိသပုဂ္ဂိုလ်အားသိလျက် ရဟန်းခံပေးသော သံဃာတို့အား သင့်သောအာပတ်နှင့် ဥိနဝိသပုဂ္ဂိုလ် ရဟန်းဖြစ်၊ မဖြစ် သိက္ခာပုဒ်ပြ၍ ဖြေဆိုပါ။

၄။ အောက်ပါတို့အတွက် သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲ၍ ပြဆိုပါ။

(က) မျက်စိကွယ်ရာ နားကွယ်ရာ၌ မိန်းမနှင့် တစ်ယောက်ချင်းချင်းထိုင်နေသော ရဟန်း၊

(ခ) လက်ချောင်းဖြင့် ကလိထိုးသော ရဟန်း၊

(ဂ) မိန်းမနှင့်တိုင်ပင်၍ တစ်ကြောင်းတည်းသော ခရီးကိုသွားသောရဟန်း၊

၅။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၆။ အဓိကရဏ သမထ ၇-ပါးကို အစဉ်မပျက် ပါဠိသက်သက် ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ
### အဖြေလွှာ

၁။ **ယာဝတိကဘိက္ခု–** အယုတ်ဆုံး လေးပါး, လေးပါးအထက် အလွန်ရှိသော ရဟန်းတို့ကို ယာဝတိကဘိက္ခုအရ ယူရမည်။

**ပကတတ်–** ဥက္ခိတ္တကလည်းမဟုတ်, ပါရာဇိကကျသူလည်း မဟုတ်သော ပကတိသီလရှိသူဖြစ်သောကြောင့် ပကတတ်ဟု ခေါ်ပါသည်။

၂။ (က) အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာ၊
(ခ) ခိုးလိုသောစိတ်၊
(ဂ) ခိုးယူလိုမှုစိတ်အစု၊

၃။ **အနိယတ**

ပါရာဇိက, သဃာဒိသေသ်, ပါစိတ် သုံးမျိုးတို့တွင် ဝန်ခံသော အာပတ်ဖြင့်သာဆုံးဖြတ်ရမည်ဖြစ်၍ မည်သည့်အာပတ်ဟု အမြဲမမှတ်အပ်သောကြောင့် အနိယတမည်သည်။

ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ၊ သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူ ဂါရယှာ၊ ဣဒံ တသ္မိံ ပါစိတ္တိယံ။

ဟူသော သိက္ခာပုဒ်ကိုထောက်၍ ဦနဝီသတိပုဂ္ဂိုလ်အား သိလျက် ရဟန်းခံပေးသော ဥပဇ္ဈာယ်အား ပါစိတ်အာပတ်။

ဥပဇ္ဈာယ်မှကြွင်းသော သံဃာအား ဒုက္ကဋ်အာပတ်။

ဦဝနီသပုဂ္ဂိုလ်လည်း ရဟန်းမဖြစ်ပါ။

၄။ (က) ရဟောပဋိစ္ဆန္န–ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ဖြင့် ပါစိတ်၊
(ခ) အင်္ဂုလိပတောဒကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) သပ္ပါဏကဝင် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

၅။ အနက်ထင်ရှားပြီ။

၆။ ပါဠိထင်ရှားပြီ။

* * * * *

## ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ဝိနယပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ သဗ္ဗတ္ထိမေန ပရိစ္ဆေဒေန စတ္တာရော ပကတတ္တာ "ယာဝတိကာ ဘိက္ခူ" တိ အဓိပ္ပေတာ။

အနုက္ခိတ္တကော စ ပါရာဇိကံ အနဇ္ဈာပန္နော စ ဟုတွာ ပကတိယာ ပရိသုဒ္ဓသီလော ပကတတ္တော နာမ။

ဒုတိယာ။ (က) သာမိကေန ကာယဝါစာဟိ နဒိန္နံ အညဿ မနုဿ ဇာတိကဿ သန္တကံ အဒိန္နန္တိ ဝုစ္စတိ။
(ခ) အဝဟရဏစိတ္တံ ထေယျန္တိ ဝုစ္စတိ။
(ဂ) ထေယျစိတ္တသင်္ခါတော ကောဋ္ဌာသော ထေယျသင်္ခါတော ဝုစ္စတိ။

တတိယာ။ တိဏ္ဏံ အာပတ္တီနံ ယံ အာပတ္တိံ ဝါ ဝတ္ထုံ ဝါ ပဋိဇာနာတိ၊ တဿ ဝသေန ကာရေတဗ္ဗတာယ နိယတော န ဟောတိ၊ တသ္မာ အနိယတော နာမ။

ဥပစ္ဆွာယဿ ပါစိတ္တိယာပတ္တိ ဟောတိ၊

သေသသံဃဿ ဒုက္ကဋာပတ္တိ ဟောတိ၊

ဦနဝီသဟုဂ္ဂလောပိ အနုပသမ္ပန္နော။

သာဝက် ပန–

ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ၊ သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူဂါရယှာ၊ ဣဒံ တသ္မိံ ပါစိတ္တိယန္တိ။

စတုတ္ထီ။ (က) ရဟောပဋိစ္ဆန္နေ ရဟောနိသဇ္ဇသဇ္ဇသိက္ခာပဒေဟိ ပါစိတ္တိယာပတ္တိ၊

(ခ) အင်္ဂုလိပတောဒကသိက္ခာပဒေန ပါစိတ္တိယာပတ္တိ၊

(ဂ) သပ္ပါဏကဝဂ္ဂေ သံဝိဓာနသိက္ခာပဒေန ပါစိတ္တိယာပတ္တိ။

ပဉ္စမီ။ ယော ပန ဘိက္ခု– ယာဒိသော သမဏော။ ဇာနံ– ဥက္ခိတ္တကဘိက္ခူတိ ဇာနန္တော။ ယထာဝါဒီနာ– ယာဒိသေန မိစ္ဆာဝါဒီနာ။ အကတာနုဓမ္မေန– အကတ္တဗ္ဗသြသာရဏကမ္မ သင်္ခါတဓမ္မဝန္တေန (သြသာရဏကမ္မံ အကတေန)။ တံ ဒိဋ္ဌိံ –နံ မိစ္ဆာဒိဋ္ဌိံ။ အပ္ပဋိနိဿဋ္ဌေန – အပ္ပဋိနိဿဇ္ဇန္တေန။ ဘိက္ခုနာ သမဏေန။ သဒ္ဓိံ –သဟ။ သမ္ဘုဉ္ဇေယျ ဝါ–ဧကတော ဝါ အာမိသ သမ္ဘောဂ ဓမ္မသမ္ဘောဂံ ကရေယျ။ သံဝသေယျ ဝါ–ဧကတော ဝါ ကမ္မာကမ္မံ ကရေယျ။ သဟ ဝါ–သဒ္ဓိံ ဝါ။ သေယျံ–ဧကစ္ဆန္နပရိစ္ဆန္နေ ဝိဟာရေ သယနံ။ ကပ္ပေယျ–ကရေယျ။ (တဿ ဘိက္ခုနော) ပါစိတ္တိယံ– ပါစိတ္တိယာပတ္တိ။(ဟောတိ)

* * * * *

# ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### မေးခွန်းလွှာ

၁။ အောက်ပါ (က)အမှတ်ပြကို ပုဒ်ဖြတ်၍၊ (ခ) အမှတ်ပြကို ပုဒ်စပ်ပြီးလျှင်၊ (ဂ) အမှတ်ပြကို သန္ဓိရုပ် အကျဉ်းတွက်ပြပါ။

(က) ဒုဂ္ဂဟော၊ အနွေတိ၊ တန္နိစ္စုတံ၊

(ခ) ဒုက္ကတံ၊ ဓမ္မံစရေ၊ ပတိဟညတိ၊

(ဂ) ဩနဒ္ဓေါ။

၂။ ပဒတော ဒုတိယာ စဟုတ္တိ ဆဋ္ဌီသု ဝေါနော–သုတ်၏ စတုတ္ထျတ္တ ဆဋ္ဌျတ္တ ဥဒါဟရုဏ်ပါဠိများကို စုံလင်စွာ ထုတ်ပြပါ။

၃။ ကတ္တားကို သုဒ္ဓကတ္တား, ဟေတုကတ္တားဟု အမည်နှစ်မျိုးမှည့်ခေါ် ရသဖြင့် ရအပ်သော အကျိုးများကို သဒ္ဒါကျမ်းလာအရ ဖော်ပြပါ။

၄။ ဒွန္ဒဂ္ဂဟတုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်၏ ဥဒါဟရုဏ်တစ်ခုကို ထုတ်၍၊ အနက်ပေးပြီးလျှင် အဓိပ္ပါယ်ကိုလည်း သိသာရုံ ဖော်ပြပါ။

၅။ အောက်ပါတို့တွင် (က)ကို ပုဒ်–ပစ္စည်း၊ (ခ)ကို ဓာတ်–ဝိဘတ်၊ (ဂ)ကို ဓာတ်–ပစ္စည်း ခွဲပြပါ။

(က) ပဏ္ဏာဝေါ, သီသိကော၊

(ခ) ဗုဘုက္ခတိ, ဇိဂီသတိ၊

(ဂ) ဃရံ။

၆။ သာမညစသော နာမ်လေးမျိုး၏ သရုပ်ကို ထုတ်ပြ၍၊ ဓာတွတ္ထ ဝိသေသက ဥပသာရခေါ် ဆိုရပုံကို ပုဒ်စစ်လာအရ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
### အဖြေလွှာ

၁။ (က) ဒု+ဂဟော၊ အနု+ဇတိ၊ တံ+နိစ္စုတံ၊

(ခ) ဒုက္ကရံ၊ ဓမ္မဥ္စရေ၊ ပဋိဟညတိ၊

(ဂ) အ၀+နဒ္ဓေါတည်၊ ဩ အဝဿဖြင့် အဝကို ဩ–ပြု၊ ဩနဒ္ဓေါပြီး၏။

၂။ **စတုတ္ထျွတ္ထ ပုံစံ**

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ။ သံဝိဘာဇေထ နော ရဇ္ဇေနု။ ဇဝံ စတုတ္ထျွတ္တော။

**ဆဋ္ဌျွတ္ထ ပုံစံ**

တုမှောသိ ဝေါ ဘိက္ခဝေ ပကတိယာ။ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တော။ ဇဝံ ဆဋ္ဌျွတ္တော။

၃။ သုဒ္ဓကတ္တားဟု အမည်မှည့်သဖြင့် ကတ္တရိစ–သုတ်၌ ကတ္တားဟုခေါ် ရခြင်း အကျိုးရှိ၏၊
(ကတ္တာ၊ ဣစ္စနေန ကွတ္တော၊ ကတ္တရိစ။)

ဟေတုကတ္တားဟု အမည်မှည့်သဖြင့် ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ–သုတ်၌ ဟေတုဟုခေါ် ရခြင်း အကျိုးရှိ၏။

(ဟေတု ဣစ္စနေန ကွတ္တော၊ ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ)

၄။ ပီဏာ ဂဏ္ဍာ ဝဒန တနူရုဇဃနာ။

ပြည်ဖြိုးကုန်သော ပါးစောင်, နှုတ်ခမ်း, သားမြတ်, ပေါင်, တင်ပါး (ခါးစောင်) တို့ရှိ

သော ယသော်ဓရာမိဖုရား။

ဂဏ္ဌော စ ဝဒနဉ္စ ထနော စ ဥဒရဉ္စ ဇဃနဉ္စ ဂဏ္ဍဝဒနထနူဒရဇဃနာ–သည် အတွင်းဝင်သော ဒွန်သမာသ်။

ပီဏာ ဂဏ္ဍဝဒနထနူဒရဇဃနာ ယဿာ သာယံ ပီဏဂဏ္ဍဝဒနထနူဒရဇဃနာ–ဟူသော ဗဟုဗ္ဗီဟိသည် ပီဏာနှင့် ဂဏ္ဍ ဝဒန ထနူဒရ ဇဃနာ–ဟူသောပုဒ်တို့ ဝိဘတ်တူသောကြောင့် ဒွန္ဒဂဗ္ဘတုလျာဓိကရဏ ဗဟုဗ္ဗီဟိမည်၏။

၅။ (က) ပဏ္ဍုပုဒ်, ဏာဝပစ္စည်း၊ သီသပုဒ်, ဏိကပစ္စည်း၊

(ခ) ဘုဇဓာတ်, တိဝိဘတ်၊ ဟရဓာတ်, တိဝိဘတ်၊

(ဂ) ဂဟဓာတ်, ဏာပစ္စည်း။

၆။ ပုဒ်စစ် ထင်ရှားပြီ။

* * * * *

## ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## သဒ္ဒ ပုစ္ဆာယ ဝိသဇ္ဇနာ

ပထမာ။ (က) ဒု+ဂဟောတိ စ, အနု+ဇောတိ စ၊ တံ+နိစ္စုတန္တိ စ ပဒစ္ဆေဒေါ ကာတဗ္ဗော။

(ခ) ဒုက္ကရန္တိ စ, ဓမ္မဥ္စရေတိ စ, ပဋိဟညတီတိ စ ပဒသန္ဓိ ကာတဗ္ဗော။

(ဂ) အဝ+နဒ္ဓေါတိ ပဒစ္ဆေဒံ ကတွာ ဩ အဝဿာတိ သုတ္တေန အဝဿ ဩကာရာဒေသံ ကတွာ ဩနဒ္ဓေါတိ ရူပံ သိဇ္ဈတိ။

တတိယာ။ သုဒ္ဓကတ္တုသညာကရဏေန ကတ္တရိစာတိ သုဒ္ဓေ ကတ္တုတိ ဝေါဟာရတ္ထံ။
ဟေတုကတ္တုသညာကရဏေန ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယ ကာရိ တာနိ ဟေတွတ္ထေတိ သုဒ္ဓေ ဟေတူတိ ဝေါဟာရတ္ထံ။

စတုတ္ထီ။ ပိဏာဂဏ္ဌာဝဒနထန္ထုရုဇဃနာ–ပိဏေဟိ ဂဏ္ဌာဝဒနထန္ထုရုဇဃနေဟိ သမန္နာဂတော, ယသောဓရာဒေဝီ။
ဂဏ္ဍော စ ဝဒနဥ္စ ထနော စ ဥရု စ ဇဃနဥ္စ ဂဏ္ဌာဝဒနထန္ထုရုဇဃနာတိ ဂဗ္ဘေ (အဗ္ဘန္တရေ) ဋ္ဌိတော ဒွန္ဒသမာသော။
ပိဏာ ဂဏ္ဌာဝဒနထန္ထုရုဇဃနာ ယဿာ သာယံ ပိဏာဂဏ္ဌာဝဒနထန္ထုရုဇဃနာတိ ဗဟုဗ္ဗီ ဟိသမာသော ပိဏာတိပဒဿ စ ဂဏ္ဌာဝဒနထန္ထုရုဇဃနာတိပဒဿ စ သမာနဝိဘတ္တိကတ္တာ ဒွန္ဒဂဗ္ဘော တုလျာဓိကရဏ ဗဟုဗ္ဗီဟိ နာမ။

ပဉ္စမီ။ (က) ပဏ္ဏဝေါတိ ဧတ္ထ ပဏ္ဏုပဒ ဏဝပစ္စယာ၊ သိသိကောတိ ဧတ္ထ သိသပဒ ဏိက ပစ္စယာ
(ခ) ဗုဘုက္ခတီတိ ဧတ္ထ ဘုဇဓာတု တိဝိဘတ္တိယော၊ ဇိဂီသတီတိ ဧတ္ထဟရဓာတု တိဝိဘတ္တိယော။
(ဂ) ဂဟဓာတု ဏပစ္စယာ။

ဆဋ္ဌီ။ သာမညနာမ, ဂုဏနာမ, ကိတ္တိမနာမ, ဩပပါတိကနာမဝသေန စတုဗ္ဗိဓံ။
ဓာတွတ္ထဿ ဝိသေသကော ဥပသဂ္ဂေါ ဓာတွတ္ထဝိသေသက ဥပသဂ္ဂေါနာမ၊ ယထာ– ဥဂ္ဂစ္ဆတိတျာဒိ။ ဧတ္ထ ဥပဣတိ ဥပသဂ္ဂေါ ဂမနသင်္ခါတဿ ဂမုဓာတွတ္ထဿ ဝိသေသကတ္တာ ဓာတွတ္ထ ဝိသေသကဥပသဂ္ဂေါနာမ။

* * * * *

# ၁၃၃၇ (၁၉၇၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### မေးခွန်းလွှာ

